
# တာရာမင်းဝေ

## စောင်းကြိုးတန်းလန်းနဲ့လခြမ်း



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


**စာမူခွင့်ပြုချက်အမှတ်**

၂၃၄ / ၉၉ (၃)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၁၇ / ၂၀၀၁ (၆)

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၀၀ကျပ်

**မျက်နှာဖုံးပန်းချီ - ညီထွဋ်**

**မျက်နှာဖုံးဒီဇိုင်း - စိုးဝင်းငြိမ်း**

**မောင်မျိုး**

(ကြောင်နှစ်ကောင်စာပေ)

စီစဉ်သည်

## မာတိကာ


| | | |
|---|---|---|
| ၁။ | လူနှင့် မသေဆေး | ၅ |
| ၂။ | လူနှင့် စကြဝဠာ | ၁၉ |
| ၃။ | လူနှင့် ဝတ်မှုန်ဆက်ဆံရေး | ၃၁ |
| ၄။ | ဝက်ပါပွဲတော် | ၇၁ |
| ၅။ | ပိတောက်ပင်ကို အိပ်မက်မက်တဲ့ကောင်လေး | ၈၉ |
| ၆။ | ကျွန်တော်နှင့် အရုပ်ကလေး | ၁၀၃ |
| ၇။ | ကျွန်တော်နှင့် ဆောင်းလွန်ရာသီ | ၁၁၁ |
| ၈။ | ကျွန်တော်နှင့် အတိမ်းအမှောက်များ | ၁၂၂ |
| ၉။ | ကျွန်တော်နှင့် ဥက္ကာပျံအပိုင်းအစများ | ၁၄၁ |
| ၁၀။ | ကမ္ဘာနှစ်ထပ်ဝတ္ထု | ၁၅၅ |
| ၁၁။ | ထီး | ၁၆၁ |


# လူနှင့် မသေဆေး

## (၁) **Kibosh (n)** - ရုတ်တရက်ရပ်စဲခြင်း

တစ်ခါကတော့ ဆာလောင်မွတ်သိပ်လွန်းစွာ စိတ်တန်ခိုးကို ရှာလိုခဲ့သူမှာ သူဖြစ်၏။ ယခုတော့ စိတ်တန်ခိုးကျင့်ခဲ့ရာမြေကို စိမ်းစိမ်းမှန်းမှန်း စိုက်ကြည့်ကာ သူ့ရင်ထဲမှာ နာကျင်ဖုထစ်သလို ခံစားနေရသည်။

"…………"

အလိုမကျမှုတို့ပြွန်းတီးသော ညည်းတွားသံတစ်ခွန်းက သူ့နှုတ်မှ ကျွမ်းထိုးမှောက်ခုံ ထွက်ကျသွား၏။ တစ်လျှောက်လုံး သူနှင့်အတူ ဤနေရာတွင်ကျင့်ကြံခဲ့သော အဖော်ယောဂီက မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်ကြည့်၏။

ထို့နောက် နူးညံ့စွာမေး၏။

"ဘာဖြစ်နေတာလဲ"

"တော်ပြီ ကျုပ်... ဒီအလုပ်တွေ ဆက်မလုပ်နိုင်တော့ဘူး"

သူက ခပ်ဆတ်ဆတ်လေသံနှင့် ပြောလိုက်၏။ မြေပေါ်မှာ ဝင်သက်ထွက်သက် ရှူမှတ်နေသော ယောဂီက သူ့ကို ငြိမ်ငြိမ်သက်သက် စိုက်ကြည့်လိုက်သောအခါ သူ မရွံ့မရဲဖြစ်သွားလေသည်။

ထို့နောက်မှ...

"တော်ပြီ ကျုပ် ဒီလိုလည်း ဝင်သက်ထွက်သက် မှတ်မနေနိုင်တော့ဘူး၊ ဒီတောစပ်မှာလည်း မနေနိုင်တော့ဘူး၊ အဓိပ္ပာယ်မရှိတဲ့ ဒီအလုပ်တွေလုပ်မယ့်အစား လူသားတွေအတွက် အကျိုးရှိမယ့်အလုပ်တစ်ခုကို ကျုပ် လုပ်သွားမယ်"

သူက ရင်ကိုကော့မောက်သွားအောင် ခါးကို နောက်သို့ လှန်ထုတ်လိုက်၏။ မျက်နှာမှာ ပြုံးရိပ်ပြုံးယောင်တို့ ငြိခိုစေကာ စကားတစ်ခွန်းကို ဆိုလေသည်။

"ကျုပ် မသေဆေးလိုက်ရှာမယ်"

"............"

"ဒါဟာ လူသားအားလုံးအတွက် အကျိုးရှိမယ့်ကိစ္စ ဖြစ်တယ်၊ ကျုပ် မသေဆေးကို တွေ့အောင်ရှာတော့မယ်"

"............"

မြေပေါ်မှာထိုင်လျက် ကုန္ဒြေတည်ကြည်နေဆဲဖြစ်သော ယောဂီကို သူက အထက်မှ စီးမိုးကြည့်၍ ယတိပြတ်မေးခွန်းတစ်ခုကို မေးလိုက်သည်။

"အဲဒီတော့ ခင်ဗျား ကျုပ်နဲ့ လိုက်မလား၊ ဒီမှာ နေရစ်ခဲ့မလား"

"ဒီမှာပဲ နေရစ်ခဲ့ပါ့မယ်"

ယောဂီက လွယ်လွယ်ရှင်းရှင်းကလေး တုံ့ပြန်သောအခါ သူက





သက်ပြင်းချ၏။ သိသာအောင် တွန်းချမှုတ်ထုတ်လိုက်သော ထိုသက်ပြင်းသံ အုပ်အုပ်က 'တယ်သနားစရာကောင်းတဲ့လူပဲ' ဟူသည့် အသံမျိုးဖြစ်၏။

"ဒါဖြင့်လည်း ပြီးရောလေ၊ ကျုပ်သွားတော့မယ်"

ခြေသံကြမ်းကြမ်းဖြင့် သူ ပြန်လာခဲ့လေသည်။ မသေဆေးကို တွေ့အောင်ရှာမည်။ မသေဆေးကို ရမည်ဆိုလျှင် ဘာကိုပဲဖြစ်ဖြစ် သူပေးလိုက်ပါသည်။

*

## (၂) Node (n) - ကိုင်းဆက်နေရာ

နှစ်ချို့ လွန်လေပြီးခါမှ ဤနေရာသို့ သူတစ်ခေါက်ပြန်ရောက်ရတော့၏။ တစ်ခါက သူ၏အဖော်ဖြစ်ခဲ့သော ယောဂီသည် တစ်ခါက လိုပင် သစ်ပင်အောက်မှာ မမိုတ်မသုန် တရားကျင့်နေဆဲသာ ဖြစ်၏။

“သြော်… ခင်ဗျား ရှိသေးတာကိုး”

သူက တိုးတိုးလေးညည်းလိုက်မိခြင်းဖြစ်သော်လည်း ယောဂီက မျက်လွှာကို ဖွင့်ကြည့်လေသည်။ ထို့နောက် မည်သည့်စကားကိုမှ မဆိုဘဲ ဦးခေါင်းတစ်ချက်ညိတ်ပြသည်။

သူ့ဘာသာ စကားဆက်မိပြန်ပါသည်။

“တိုက်ရိုက်တော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ သွယ်ဝိုက်သောအားဖြင့် ကျုပ်မသေဆေးကို တွေ့ခဲ့ပြီ”





တိမ်မြုပ်နေသော ကျောက်စာတစ်ကြောင်းကို ဖတ်သလို ယောဂီ၏မျက်လုံးက သူ့မျက်နှာကို ထိုးခွဲလှန်ဖောက်လိုက်၏။

သူက ရှင်းချက်ပေးလိုက်သည်။

“ရောဂါခံစားရတဲ့လူဟာ ဆေးဝါးနဲ့ မကုသလိုက်နိုင်ရင် သေကြမယ်မဟုတ်လား၊ အဲဒီတော့ ရောဂါပျောက်တဲ့ဆေးတွေဟာ မသေဆေးတွေပေါ့၊ အဲဒီအတွေးအခေါ်လေး ရလိုက်တဲ့အတွက်ကြောင့် ကျုပ် အခု လူတွေကို ဆေးဝါးဖြန့်ဖြူးနေတယ်”

မြေပေါ်ချထားသောအိတ်ကြီးကို ဆွဲမသယ်မိုးရင်း ပြော၏။

“ကျုပ် အခု ဆေးကုန်သည်လုပ်နေတယ်ဗျ၊ ဒီတောစပ်မှာ ရှားပါးဆေးမြစ်တစ်ခု လာရှာရင်း ခင်ဗျားဆီ ဝင်လာတာ၊ ကဲ… သွားပြီဗျာ”

အိတ်ကြီးကိုထမ်းကာ သူ လှည့်ပြန်လာခဲ့၏။ ယောဂီကတော့ သူ့အစဉ်အလာအတိုင်း ဆိတ်ငြိမ်စွာ ကျန်ရစ်ခဲ့လေသည်။

*

## (၃) Patzer (n) - မကျွမ်းကျင်သော စစ်တုရင်သမား

ထိုသို့ဖြင့် နှစ်တို့ကြာညောင်းခဲ့ပြန်သည်။ ယောဂီထံသို့ နောက်တစ်ခေါက် သူထပ်ရောက်၏။ အံ့ချီးမခန်း သူ ရေရွတ်မြည်တမ်းလိုက်ရပြန်သည်၊

"အို… ကျွတ်… ကျွတ် ခင်ဗျား အခုထိ သမထကျင့်တုန်းပါလား၊ ဘာမှ မပြောင်းလဲဘူးကိုး"

တစ်ဆက်တည်းမှာပင် မှတ်ချက်ပေးလိုက်လေ၏။

"အေးလေ… ကျုပ်လည်း တစ်ချိန်တုန်းကတော့ ခင်ဗျားလိုပါပဲ ခုမှသာ လမ်းကြောင်းပြောင်းသွားတာကိုး"

ယောဂီက သိမ်မွေ့သောဝင်သက်ထွက်သက်ကို ရှုရှိုက်ရင်း သူ့အား ပျော့ပျောင်းစွာကြည့်၏။ ယောဂီသည် တရားကျင့်ရန်အတွက် ကျစ်လျစ်သောသတ္တိကို ပိုင်ဆိုင်ခဲ့ပြီးသောအသွင်သဏ္ဍာန်ရှိ၏။





သူက ယောဂီကို အသိပေးလိုက်သည်။

"ကျုပ် အခု ပရဆေးထက်ပိုပြီး အရင်းအမြစ်ကျတဲ့ မသေဆေးကို ရှာတွေ့ပြီ၊ ကျုပ်ယုံကြည်ချက်တွေ တစ်ဆင့်တက် အောင်မြင်သွားပြီ ဆိုပါတော့ဗျာ"

ယောဂီက ဘာစကားမှ ပြန်မဆို။ သို့သော် သူ့တွေ့ရှိချက်ကို ပြောပြလိုက်၏။

"ရောဂါဖြစ်မှ တားတဲ့ ပရဆေးကို မသေဆေးလို့ သတ်မှတ်တာထက် အစကတည်းက ရုပ်, ရှင်သန်မှုစွမ်းအားတွေပေးတဲ့ ထမင်းကို မသေဆေးလို့ ကျုပ် ပြောင်းလဲသတ်မှတ်လိုက်တယ်"

"…………"

"ဟုတ်တယ်မဟုတ်လား၊ လူတွေ ထမင်းမစားရင် သေသွားမှာပေါ့၊ ထမင်းဟာ မသေဆေးပဲ၊ အဲဒါကြောင့် ကျုပ် အခု ဆန်တွေဖြန့်ဖြူးနေတယ်၊ ကျုပ် အခု ဆန်ကုန်သည်လုပ်နေတယ်"

သူ့စကားကို စိတ်ပါဝင်စားစွာပြောရင်း သူ့မျက်လုံးကလည်း ကျယ်လိုက်လင်းလိုက်ဖြစ်နေသည်။ ဖောင်ဖွဲ့၍ ရလောက်မည့် စကားလုံးများနှင့်အတူ ရေမြှုပ်ဖုံးလုပ်၍ ရလောက်သည့် စကားလုံးများကိုပါ သုံးစွဲပြောဆိုသွား၏။

နောက်ဆုံးမှာ ယောဂီကို တစ်ချက်မျှ စေ့ငုကြည့်ရှုရင်း…

"ကျုပ်သွားမယ်၊ မသွားခင် အကြံပေးချင်တယ်၊ ခင်ဗျားကိုယ်ခင်ဗျား ပြန်စဉ်းစားဦးဗျာ"

ထို့နောက်…

သူ ပြန်ခဲ့လေသည်။

## (၄) Fairing (n) - ပွဲဈေးလက်ဆောင်

နှစ်ပေါင်းများစွာ ကြာညောင်းပြီးသောအခါ…

"ဟူး… ကျုပ် ပြန်ရောက်လာပြီဗျို့"

စိတ်ပျက်အားလျော့စွာပြောလိုက်ပြီး ယောဂီကြီးအနီးသို့ သူလျှောက်သွားလိုက်၏။ ယောဂီက သူ့ကို မည်သို့မှ မသုံးသပ်သေးခင် သူက ထပ်ပြောလိုက်သည်။

"လူတွေနဲ့ ကျုပ်နဲ့ မဖြစ်ပါဘူးဗျာ၊ အဲဒါကြောင့် ဒီကိုပဲ ပြန်လာတာ"

သူ့ကိုကြည့်နေသော ယောဂီ၏မျက်လုံးနှစ်လုံးက လေထဲမှာ ရပ်တန့်လင်းတောက်နေသော ကြယ်နှစ်ပွင့်ကဲ့သို့ဖြစ်နေသည်။ သူက ဘေးဘီဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း ကယောင်ချောက်ချား ပြောလိုက်၏။





"ကျုပ်က အရင်းအမြစ်အကျဆုံး မသေဆေးကို ရှာတွေ့လိုက်တယ်ဗျ၊ အဲဒီမှာ လူတွေနဲ့ ပြဿနာဖြစ်တော့တာပဲ"

"…………"

"တကယ်ဆို လူဟာ ထမင်းဘယ်လောက်စားစား အသက်မရှူရင် သေသွားမှာပေါ့ဗျာ၊ အဲဒါကြောင့် အသက်ရှူတာဟာ မသေဆေးကို စားနေတာပဲ၊ မသေဆေးဟာ လေပဲလို့ ကျုပ်ရှာတွေ့လိုက်တယ်"

"…………"

"အဲဒီတော့ ကျုပ်က တစ်မြို့ဝင်တစ်မြို့ထွက် လူတွေကို လှည့်လည်ဟောပြောတယ်၊ အသက်ရှူရမှာ မမေ့ကြဖို့ လေကို နာနာရှူကြဖို့ သတိပေးလိုက်တယ်၊ အဲဒါ မသေဆေးပဲလို့လည်း ပြောတယ်၊ လူတွေက ကျုပ်ကို ဝိုင်းရယ်တယ်"

"…………"

"တကယ်တော့ လူတွေဟာ အမှန်တရားကို နားမလည်ဘူး၊ စေတနာနဲ့လည်း မတန်ဘူး၊ သူတို့ကို ပြောမရတဲ့အဆုံး ကျုပ်ဘာသာကျုပ် ပြန်လာခဲ့တယ်"

သူ့ကိုကြည့်ရသည်မှာ ကျောက်တံတိုင်းကို မှန်ပြီး တစ်ခြမ်းပဲ့ကာ ပြန်ကန်ထွက်လာသည့် လောက်စာခဲတစ်ခဲနှင့် တူနေပေတော့သည်။

အမျက်ချောင်းချောင်းထွက်ရင်း ဆက်ပြောပြန်၏။

"သူတို့ဘာသာ အသက်ရှူချင်ရှူ မရှူချင်နေကြတော့၊ သူတို့ဘာသာ သေသေ ရှင်ရှင် ကျုပ်ဂရုမစိုက်တော့ဘူး၊ ကျုပ်ဘာသာကျုပ် မသေဆေးကို လေရှူပြီး ယူမယ်"

ထိုသို့ပြောဆိုကာ တစ်ခါက သူ တရားကျင့်ခဲ့ရာ မြေပြင်ကလေး၌

သွားရောက်ကာ တင်ပျဉ်ခွေထိုင်တော့၏။

"မသေဆေးကို ရှူမယ်၊ ကျုပ်ယုံကြည်ချက်ကို ဆက်လုပ်မယ်... ဒါပဲ"

ထို့နောက်မှာတော့ မျက်လုံးကို တင်းတင်းကျပ်ကျပ် ပိတ်ချပြီး ရှူးရဲ ရှူးရဲနှင့်...

တစ်ရစ်ဝဲဝဲ...

သူ အသက်ရှူနေပါတော့သည်။

*





(၈) **Lesson (n) -** သင်ခန်းစာ

**Onion (n) -** လက်တွေ့အသိတရား

**Rundown (n) -** ပြည့်စုံသောအစီရင်ခံချက်

အချို့လူများက လမ်းလျှောက်ရန် ဖိနပ်ရှာနေချိန်တွင် အချို့လူများက လမ်းလျှောက်ရန် ခြေထောက်ရှာနေရ၏။

❒

# လူနှင့် စကြဝဠာ

အရှာ

ဒီဝတ္ထုဟာ ကပွဲတစ်ခုလို သင့်ကို ဖျော်ဖြေတင်ဆက်မယ် ဆိုကြပါစို့။ ပွဲတော်စင်မြင့်ပေါ်မှာ သူ ရှိနေတယ်လို့ ဆိုကြပါစို့။

သူ့ ရှေ့မှာ ကန့်လန့်ကာရှိပါတယ်။ လက်ဝဲဘက်ကန့်လန့်ကာဟာ အဖြူရောင်ရှိပြီး လက်ယာဘက်ကန့်လန့်ကာဟာ အညိုရောင်ရှိပါတယ်။

သင့်ကို ကန့်လန့်ကာနှစ်ဖက်လုံး ဖွင့်ပြမှာ မဟုတ်ပါဘူး။ တစ်ဖက်စီကိုသာ ဖွင့်ပြမှာ ဖြစ်ပါတယ်။ ရှေးဦးစွာ အဖြူရောင်ကန့်လန့်ကာကို ဖွင့်လိုက်ပါတယ်။

*

## အဖြူရောင်မြင်ကွင်း

ဝတ္ထုရဲ့ အစမှာ ကျွန်တော်ထိုင်နေပါတယ်။

ကျွန်တော်ထိုင်နေတာကိုမြင်တော့ လူဝကြီးတစ်ယောက်က ကျွ
တော့်ကို လာစကားပြောပါတယ်။

ပထမတော့ ကျွန်တော့်ရှေ့မှာရပ်ပြီး စကားကို လှမ်းလှမ်းပြေ
တာပါ။ နောက်တော့ ကျွန်တော့်ရှေ့မှာ တင်ပါးလွှဲဝင်ထိုင်ရင်း ဆက်ပြေ
ပါတယ်။ နောက်တော့ ကျွန်တော့်မျက်နှာချင်းဆိုင်တည့်တည့်မှာ တင်ပျ
ခွေချိတ်ထိုင်ရင်း ပြန်ပြောပါတယ်။

ကျွန်တော်ကတော့ အငေးသားနဲ့ နားထောင်နေတော့တာပါပဲ။

အဲဒီလူဝကြီးဟာ ပညာတွေအများကြီးတတ်တယ်လို့ ယူဆရပ
တယ်။ အတွေးအခေါ်တွေ အယူအဆတွေဟာလည်း ထူးခြားဆန်းသစ်





ပါတယ်။ ကျွန်တော်နားထောင်ရင်း ငေးမောအံ့သြမိရတဲ့အကြောင်းကတော့
သူ့ပါးစပ်ကထွက်တဲ့ စကားလုံးတွေဟာ လေပူဖောင်းတွေဖြစ်ပြီး ဟိုဟို
သည်သည်လွင့်မျောသွားတာကို မြင်မြင်နေရလို့ပါပဲ။

"အို..."

သူကတော့ သူ့အဖြစ်ကို သိပုံမပေါ်ပါဘူး။ မသိချင်ယောင်ဆောင်
နေတာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်ကတော့ အတွေ့အကြုံနည်း
တဲ့လူငယ်မို့လို့ လူ့ပါးစပ်က ပူဖောင်းထွက်တာကိုလည်း မျက်လုံး
အပြူးသားနဲ့ ကြည့်နေမိတာပါပဲ။

အတော်ကြီးကြာတော့ သူပြန်သွားပါတယ်။ သူ ကျွန်တော့်ကို
တစ်ခွန်းတော့ ပြောဖြစ်အောင် ပြောသွားပါတယ်။

"ဖြစ်ပါတယ်ကွာ၊ စကြဝဠာကို ခဲနဲ့ပေါက်တာပဲ၊ ဘယ်ဘက်က
ပေါက်ပေါက် ထိပါတယ်"

စကြဝဠာကြီးက ကြီးမားလွန်းတဲ့အတွက်ကြောင့် ခဲကို ရှောင်လို့
မှ မဟုတ်ပါဘူး။ သူ့စကားကို ကျွန်တော် စဉ်းစားပါတယ်။ လောက
ထဲမှာ ကျွန်တော်ရယ်၊ ခဲလုံးရယ်၊ စကြဝဠာရယ် အတူတကွရှိနေကြ
တယ်ဆိုတာကိုလည်း သတိပြုလိုက်မိပါတယ်။

[ လောက = ကျွန်တော် + ခဲလုံး + စကြဝဠာ ]

ဝတ္ထုရဲ့နောက်တစ်ဆင့်မှာတော့ ကျွန်တော်လမ်းလျှောက်နေတာပါ။
လမ်းပေါ်မှာ လမ်းလျှောက်မိလို့လည်း လမ်းပေါ်မှာ လှဲနေတဲ့လူကို ဝင်
တိုက်မိတာပါ။

"ဟာ... ကန်တော့... ကန်တော့"

"ရပါတယ်ကွာ... ကိစ္စမရှိပါဘူး၊ ဒီလိုပါပဲ၊ လူတကာက ငါ့ကို

ဝင်တိုက်နေကျပါ”

“ဟာ… မဟုတ်တာ အစ်ကိုကြီးရာ”

အခုလူက ပိန်ပိန်လေးပါ။ အရိုးပေါ် အရေတင်လို့တော့ မသုံးချင် ပါဘူး။ အဲဒီစကားက ပိန်တယ်ဆိုတဲ့သဘောကို စူးစူးရောက်ရောက် မထိုးဖောက်နိုင်ဘူးလို့ ကျွန်တော်ထင်တယ်။ ပိန်သည်ဖြစ်စေ ဝသည်ဖြစ်စေ ဘယ်သူမဆို အရိုးပေါ်မှာ အရေတင်နေကြတာ မဟုတ်လား။

ဒီလူပိန်တာက အတော်ဆိုးပါတယ်။ ထီးရိုးလေးပေါ် ထီးရွက်တင် ထားသလိုပါပဲ။ ပြားကပ်နေတဲ့အထိ ပိန်ပါတယ်။

“ညီလေးရာ… ကိုယ့်ဘဝက မိုးခေါင်ရပ်ဝန်းလှလှကြီးတစ်ခုရယ် ပါကွာ”

“ဗျာ…”

သူ့စကားကို ကျွန်တော်နားမလည်ပါဘူး။ ကျွန်တော် နားမလည် ကြောင်းကို သူနားလည်ပါတယ်။ ရှင်းပြပါတယ်။

“ဩော်… ဒီလိုပါကွာ၊ ကိုယ့်ဘဝက အမြင်သာလှတာပါ လက်တွေ့ တည်ဆောက်ရတာမှာတော့ လူတစ်ပိုင်း အာဟာရတစ်ပိုင်းပါပဲ”

“အဲ… ဗျာ”

ကျွန်တော် ထပ်ပြီးတော့ကို နားမလည်အောင် ဖြစ်ရပါတယ် ဒါပေမဲ့ သူက ထပ်မရှင်းပြတော့ပါဘူး။ သူ ပြောချင်တာတွေကိုပဲ ဆက် ပြောပါတော့တယ်။

“ကိုယ်တို့အနုပညာရှင်တွေက…”

“ဟုတ်… ဟုတ်ကဲ့”

“ဗာဂျီးနီးယားဝုဖ်ဟာ အော်လန်ဒိုကို…”





“ဟုတ်… ဟုတ်”

ဘာတွေမှန်း မသိပါဘူး။ သူပြောတဲ့ အော်လံတို ဆိုတာလည်း ကျွန်တော်မမြင်ဖူးပါဘူး။ အော်လံတိုတိုလေးဆိုရင်တော့ အသံသိပ်ကျယ် မှာ မဟုတ်ဘူးလို့ ယူဆရပါတယ်။

အံ့ဩစရာကောင်းတာကတော့ သူ့သက်ပြင်းတွေဟာ လေထဲမှာပဲ မီးခိုးငွေ့ဖြစ်ပြီး လွင့်ပြယ်ပျောက်ကွယ်သွားတာတွေကိုပါ။

လူချင်းမခွဲမီမှာ သူက ကျွန်တော့်ကို စကားတစ်ခွန်း ပြောပါသေး တယ်။

“ထိပါတယ် ကိုယ်မပေါက်ချင်လို့ပါ၊ ကိုယ့်လက်ကိုယ် ဖြတ်ပြီး နံရံမှာ ချိတ်သိမ်းထားလိုက်လို့ပါ၊ အင်း… အခုတော့ မရတော့ဘူး၊ တွေ့ ကြသေးတာပေါ့လေ”

ကျွန်တော် စဉ်းစားပါတယ်။ ကျွန်တော်ရယ်၊ လက်ရယ်၊ ခဲလုံး ရယ် ပေါင်းရင် စကြဝဠာကြီးဆီ ရောက်နိုင်တယ်ဆိုတာ။

[ ကျွန်တော် + လက် + ခဲ ➞ စကြဝဠာ ]

နောက်ထပ်တွေ့ရတဲ့လူကတော့ စီးပွားရေးသမားလို့ သိရပါတယ်။ ကျွန်တော့်အိမ်ရှေ့မှာမှ မတ်တတ်ကြီးခုတ်လိုက်နေတာပါ။ သူ့ကိုယ်ထဲက လည်း အပေါင်းလက္ခဏာတွေ (+) အနုတ်လက္ခဏာတွေ (–) မီးပွင့်လို့ ဖြာကျနေပါတယ်။

“ဟာ… လာပြီ လာပြီ”

ကပျာကယာပြေးသွားပြီး ကျွန်တော် သူ့ကိုကယ်ဖို့ လုပ်ပါတယ်။ ဒါပေမဲ့ သူဟာ ဆန့်ငင်ဆန့်ငင် ခုတ်လိုက်နေရင်းကပဲ…

“နေ… နေ ရတယ်”

"ဗျာ…"

သူက ကိုယ်ကိုညွတ်ချည်ကိုင်းချည် လှုပ်ခါရင်း ကျွန်တော့်ကို လက်ကာပြတယ်။ ဖျတ်ခနဲ နောက်ကျွမ်းပစ်ထည့်လိုက်တယ်။ မြေပေါ်ကို ပြန်ကျတဲ့အခါ သူ အကောင်းပကတိ ပြန်ဖြစ်သွားပါတယ်။

သူ့ကိုယ်ထဲက အပေါင်းအနုတ်တွေလည်း ထွက်မကျတော့ဘူး။ သူ့ရုပ်ခန္ဓာထဲက ဓာတ်ဖိုဓာတ်မတွေ ပြန်လည်ညီညွတ်သွားကြပါပြီ။

"အေးအေးဆေးဆေးပါ တစ်ခါတစ်ခါ ကျွန်တော်က ဒီလိုပဲ ဖြစ်တတ်တယ်"

သူ့ကို ဘာမှလည်း ကူညီလိုက်ရတာမဟုတ်တဲ့ ကျွန်တော့်ကို တက်ကျမ်းတွေထဲကအတိုင်း ကျေးဇူးစကားဆိုပါတယ်။

"ဒီနေ့ ဒေါ်လာပေါက်ဈေး ဘယ်လောက်လဲ" လို့ မေးပါတယ်။ ပြီး…'ဘဏ်သွားရဦးမယ်' ဆိုပြီး ကျွန်တော့်ကို နှုတ်ဆက်ထွက်ခွာသွားပါတယ်။

မသွားမီ တစ်ခုတော့ပြောတယ်။

"စကြဝဠာကို ခဲနဲ့ပေါက်ရတာ တကယ်တော့ ဘာမှ မခက်ပါဘူး ဗျာ၊ အားလေးတော့ နည်းနည်းစိုက်ရမှာပေါ့… ဟဲ ဟဲ"

ကျွန်တော် စဉ်းစားပါတယ်။ ကျွန်တော့်မှာက လက်နဲ့ အင်အား ရှိပါတယ်။ လောကကြီးမှာက ခဲလုံးသေးသေးလေးရယ် ဧရာမ စကြဝဠာကြီးရယ် ရှိပါတယ်။

ဆက်သွယ်မှုကို ကျွန်တော် တွေးဆကြည့်တယ်။ ရှင်းပါတယ်။

[ လက် + အင်အား + ခဲ ⟶ စကြဝဠာ ]

ခေါင်းတဆတ်ဆတ်ညိတ်ပြီး အိမ်ထဲကို ကျွန်တော် ပြန်ဝင်ခဲ့ပါ

ကယ်။ အဲဒီအချိန်မှာပဲ ဒီဝတ္ထုဟာ အဖြူရောင်မြင်ကွင်း ကုန်ဆုံးသွားပါ ကယ်။ အဖြူရောင်ကန့်လန့်ကာ ပိတ်လိုက်ပြီး အညိုရောင်ကန့်လန့်ကာ ပေါ်ကို ဖွင့်ပါတယ်။

*

## အညိုရောင်မြင်ကွင်း

ဝတ္ထုရဲ့အဆုံးမှာ ကျွန်တော်ထိုင်နေပါတယ်။ အခန်းတစ်ခုထဲကို ရောက်နေတာပါ။ အခန်းထဲမှာ ပူဖောင်းတွေ၊ မီးခိုးငွေ့တွေ၊ ဓာတ်ဖို ဓာတ်မတွေ လွင့်ပျံမွန်းကျပ်နေပါတယ်။

ပညာရှင် လူဝကြီးက ပြောတယ်။

“ငါပေါက်တာက အသွင်ပြောင်းကျောက်နဲ့ကွ၊ အသွင်ပြောင်း ကျောက်ဆိုတာ သိတယ်မဟုတ်လား”

အနုပညာသမားကလည်း တစ်မျိုး။

“ကျုပ်ကတော့ လမ်းဘေးကျောက်ခဲတွေကိုပဲ သုံးတာပါဗျာ၊ ဒါပေမဲ့ ယုံကြည်ချက်နဲ့ လုပ်တာပဲ၊ အဲဒီကျောက်ခဲတွေဟာ စကြဝဠာကြီးကို ကျုပ်စွန့်ကြဲတဲ့အလင်းခဲတွေပဲ”





စီးပွားရေးသမားကလည်း အညံ့မခံဘူး။

“ကျုပ်ပေါက်တာက လမ်းခင်းကျောက်တွေနဲ့ဗျ၊ အဲဒီကျောက်ကို လမ်းခင်းမယ်ဆိုရင် စတုရန်းတစ်မိုင်ကို ဘယ်ဈေးဆိုတာ သိကြရဲ့လား”

“ကဲ... ကဲ... ခင်ဗျားတို့အားလုံး အဲဒီအချုပ်ခန်းထဲဝင်ကြ၊ ဟို ကောင်လေးပါ ဝင်”

[ လက် + ခဲ + အိမ် ➞ အချုပ်ခန်း ]

အချုပ်ခန်း ≠ စကြဝဠာ

အချုပ်ခန်းနံရံကို မှီထိုင်ရင်း ကျွန်တော်စဉ်းစားနေမိတယ်။ စကြဝဠာကို ခဲနဲ့ပေါက်လို့ ဘယ်တော့မှ ရောက်မှာ မဟုတ်ဘူး။ အဲဒီခဲဟာ သူများအိမ်ခေါင်မိုးပေါ်ပဲရောက်တယ်။ ရဲသားက အချုပ်ခန်းကို သော့ မြန်ပိတ်ရင်း...

“ခင်ဗျားတို့က ဘာမှုလဲ”

“ခဲပေါက်မှု”

အဲဒီဖြေသံအဆုံးမှာပဲ အညိုရောင်ကန့်လန့်ကာကြီး ပြုတ်ကျတယ်။ ပျောက်ဆုံးသွားပါတော့တယ်။

❐

# လူနှင့် ဝတ်မှုန်ဆက်ဆံရေး

## ၁။ မီးခိုးမြင်းသည်တော်

တစ်နေ့သောအခါ သိပ္ပံပညာရှင်ကြီးတစ်ယောက်သည် ဤသို့ ကြံစည်မိ၏။

"ငါ မီးခိုးတွေကိုစီးပြီး မိုးပေါ်တက်ရရင် ကောင်းမယ်"

ထိုသို့ဖြင့် သူသည် သိပ္ပံနည်းစနစ်များစွာကို စမ်းသပ်တီထွင်၏။ နောက်ဆုံးမှာ သူ အောင်မြင်လေသည်။ ထိုသို့ဖြင့် မီးခိုးငွေ့များကို မြင်းလို စီးကာ မိုးပေါ်သို့ သူတက်သွားတော့၏။

မိုးအထက်သို့ တရွေ့ရွေ့မြင့်တက်သွားပြီးချိန်မှာ သူ ထိတ်လန့်စွာ ဆင်ခြင်မိ၏။

"အင်း... နတ်ပြည်ရဲ့အောက်ခြေနဲ့ ငါတိုက်မိရင် ပြဿနာပဲ"

ခေါင်းဆောင့်မိမှာကို သူကြောက်လာသည်။ ထိုသို့ဖြင့် အပေါ်ကို

မော့မော့ကြည့်ပြီး မြင့်မြင့်တက်လာသည်။ အပေါ်သို့ မော့ကြည့်လာသော ကြောင့် နတ်ပြည်သို့ရောက်ခါနီးလျှင် သူ သိမည်ဖြစ်သည်။

သို့သော် အောက်သို့ ငုံ့မကြည့်မိသောကြောင့် သူ ခွစီးထားသည့် မီးခိုးများသည် တဖြည်းဖြည်း ပါးလျပျက်ပြယ်နေပြီဖြစ်ကြောင်းကိုတော့ သူ မသိချေ။

ထိုသို့ဖြင့်... ...

... ... ... ...။

*

## ၂။ ဝတ်မှုန်ထောင့်ချိုး

"ကိုအာကာက ဘာလူမျိုးလဲ"

ယခင်ကသာဆိုလျှင် ဤသို့သောမေးခွန်းမျိုးကို သူ ပြန်ဖြေလေ့ရှိ။ သို့သော်လည်း ယခုသည် ယခင်မဟုတ်တော့ချေပြီ။ ခပ်အေးအေး ပြန်ဖြေပေးလိုက်၏။

"ဗမာပါပဲ"

"ဩော်... ဩော်"

ဤလူငယ်လေးများအားလုံး သူ့စိတ်ဓာတ်၊ သူ့အတွေးအခေါ်ကို သိထားသင့်သည်ဟုလည်း ယူဆမိ၏။ ထို့ကြောင့်...

"အရင်ကဆို အဲလိုလာမေးရင် ငါမကြိုက်ဘူးကွ"

လူငယ်လေးများအားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်

ကြသည်။

"ဘာ... ဘာဖြစ်လို့လဲ"

"ငါငယ်ငယ်က ကြက်သမားတစ်ယောက်ရဲ့အိမ်နားမှာ နေရ တယ်ကွ၊ အဲဒီလူက ကြက်ကိုတွေ့ရင် ဘာအမျိုးအစားလဲဆိုတာ အတော် စူးစမ်းတတ်တယ်၊ ရစ်ကြက်လား၊ စစ်တကောင်းလား၊ ဒင်္ဂါးလား တိုက်ကြက်လား ဘာညာပေါ့၊ အဲဒီကြက်ရဲ့အမျိုးကို ကြည့်ပြီး သူ တန်ဖိုးကို သတ်မှတ်တာ၊ ငါ့ကိုဆက်ဆံတဲ့လူက ဘာလူမျိုးလဲလို့ လ ဆန်းစစ်ရင် ငါမကြိုက်ဘူး၊ လူကို လူလိုပဲ ဆက်ဆံပေါ့ကွာ၊ လူထဲက ဘာအမျိုးလဲလို့ ငါ့ကို လာဆန်းစစ်တာ ငါမကြိုက်ဘူး။

"အင်း... အဲ..."

ကောင်လေးတွေမျက်နှာမှာ အငိုက်မိသွားသော အမူအရာ ထင်ဟပ်လာ၏။ သူတို့အားလုံး သူတွေးသလို တစ်ခါမှ တွေးဖြစ်ကြမည် မဟုတ်ချေ။ လက်ဖက်ရည်ခွက်ကို မော့သောက်ရင်း သူပြုံးမိသည်။

"ကိုအာကာက ကြက်တွေကို စိတ်ကုန်လို့လား"

သူ မျက်မှောင်ကြုတ်လိုက်မိ၏။

"မဟုတ်ဘူး မဟုတ်ဘူး ကြက်ကို ငါက အားကျတဲ့နေရာတော ရှိသေးတယ်"

ကောင်လေးတွေမျက်နှာပေါ်မှာ အံ့သြဟန် ပေါ်လာပြန်သည် သူတို့အမေးကို စောင့်မနေတော့ဘဲ ကိုယ်ကပဲ ဖြေပေးလိုက်သည်။

"ဒီလိုကွာ... နှင်းစက်နှင်းမှုန်လေးတွေကျနေတဲ့မနက်ခင်းကြီး ခြံစည်းရိုးပေါ်ခုန်တက် တောင်ပံကြီးနှစ်ဖက်ကို တဖျောင်းဖျောင်းရိုက အရှေ့စူးစူးကိုကြည့်ပြီး 'အောက်အီးအီးအွတ်' လို့ စိတ်ရှိလက်ရှိ တွန်လိုက





ကြက်ဖကြီးတစ်ကောင်ရဲ့လွတ်လပ်အောင်မြင်မှုမျိုးကို ငါ လိုချင်တာ ပေါ့ကွာ"

"သြော်... ဒီလိုလား"

"အဟီး... ဘယ့်နှာပါလိမ့်"

"လက်စသတ်တော့... ဂလိုကိုး"

ကောင်လေးတွေထံမှ အသံမျိုးစုံထွက်လာကြသည်။ စားပွဲထိုး လေးကလည်း အခြားဝိုင်းများသို့မသွားဘဲ အနားမှာ ရယ်ကျဲကျဲလာလုပ် နေသည်။

ကောင်လေးတစ်ယောက်က တစ်ခုဆွေးနွေးသည်။

"မြွေတွေကိုရော ကိုအာကာ ဘယ်လိုမြင်လဲ"

ကိုအာကာ လန့်သွား၏။

"မြွေ... ဟုတ်လား ဘယ်မှာလဲ"

"မဟုတ်ဘူးလေ... မြွေတွေအပေါ်မှာ ဘယ်လိုမြင်လဲ၊ ဘယ်လို သဘောထားလဲလို့ မေးတာ"

"ဟာ... ငါမကြိုက်ဘူးကွ၊ ဒီကောင်ကြီးတွေကို ငါ အသည်း ယားတယ်၊ မြွေတွေရှိတာ လောကကြီးမှာ တယ်မကောင်းလှဘူး၊ ဒါပေမဲ့ အင်း... ဒါပေမဲ့ သူတို့မရှိရင်လည်း မဖြစ်ဘူး"

"ဘာ... ဘာဖြစ်လို့လဲ ကိုအာကာရဲ့၊ မြွေတွေမရှိရင် ဘာဖြစ် လို့လဲ"

သူက ရေနွေးကြမ်းတစ်ခွက် ငှဲ့လိုက်သည်။ မေးသောကောင်လေးကို ပြုံးပြလိုက်ပြီ...

"မြွေဆိပ်ဆိုတာက မြွေကပဲ ထုတ်တာကွ"

“အင်း… ဟုတ်ကဲ့ သိတယ်၊ အဲဒါ ဘာဖြစ်လို့လဲ”

“မြွေတွေမရှိတော့ရင် ငါတို့မြွေဆိပ်ဖြေဆေးကို ဘယ်ကသွားထုတ် ရတော့မလဲ… သေရော၊ အဲဒီကာလမှာ မြွေကိုက်ခံရတဲ့သူပေါ်လာရင် ဘာနဲ့သွားဖြေမလဲ”

“ဗျာ…”

“အမ်…”

ကောင်လေးတွေ နဝေတိမ်တောင်ဖြစ်သွားကြသည်။ ထို့နောက် တစ်ယောက်ကို တစ်ယောက် ပြုံးစေ့စေ့နှင့် ပြန်ကြည့်ရင်း တခွိခွိရယ်သံ များ ထွက်လာသည်။

“ကိုအာကာကြီးကတော့ဗျာ ကြံကြံဖန်ဖန် တွေးတတ်ပါပေရဲ့ ကျွန်တော်တို့များ အဲဒီလိုကို အတွေးအခေါ်မထက်မြက်ပါဘူး၊ ဒါနဲ့…

“အင်း… ဆို”

“ကိုအာကာကြီး ဘာဖြစ်လို့ မိန်းမမယူသေးတာလဲ”

“ဟေ… အဲဒါတော့”

ဘေးဝိုင်းများသို့ သူ လှည့်ကြည့်လိုက်သည်။ စားပွဲလွတ်များကိုသ တွေ့ရ၏။ လက်ဖက်ရည်ဆိုင်ထဲမှာ လူသူ ကျဲပါးနေသည်။ သူတို့ တ ဝိုင်းသာ အာပေါင်အာရင်းသန်နေကြခြင်းဖြစ်၏။

“အဲဒါက ဒီလိုရှိတယ်ကွ”

“အင်း… ဟုတ်ပြီ၊ ကိုအာကာကြီး… လုပ်ပါဦး”

ကောင်လေးတွေအားလုံး ပွဲကြီးပွဲကောင်းဖြစ်ကြတော့မည် ဟူသေ အမူအရာမျိုး ဖြစ်သွား၏။ သူတို့၏နားရွက်များကိုလည်း အသင့်အ အထားဖြစ်အောင် ပြင်လိုက်ကြသည်။





“လောကကြီးထဲမှာ လူဆိုတာ အမှုန်ကလေးပါပဲကွာ။ အဲဒီထဲကမှ …အမဆိုတဲ့ အမှုန်နှစ်မှုန်ဟာ သူတို့ရဲ့သက်ဆိုင်ရာ ဆုံချက်တစ်ခုမှာ …ဆုံညေးကြရတယ်၊ အဲဒီဆုံချက်ရဲ့နာမည်ကတော့… အချစ်တဲ့”

“ဟာ… ကောင်းဗျာ”

“ဟာ… ကိုအာကာကြီး မိုက်တယ်ဗျာ”

ကောင်လေးတွေ သဘောကျသွားတာကို မြင်ရသဖြင့် သူ ခေါင်း …ဆတ်ဆတ်ညိတ်နေလိုက်သည်။

ရေနွေးခွက်ကို မော့သောက်အပြီး…

“အဲဒီလိုအမှုန်နှစ်မှုန်ဟာ အချစ်ဆိုတဲ့ ဆုံချက်တစ်ခုမှာ ထိတွေ့ …အနေအထားကျနဖို့တော့ လိုတယ်၊ အဲဒီနေရာကို ငါက ဝတ်မှုန် …ထောင့်ချိုးလို့ နာမည်ပေးထားတယ်”

“ဘယ်လို… ကိုအာကာကြီး ထပ်ရှင်းပါဦး”

“ဒီလိုလေ… အဲဒီဝတ်မှုန်ထောင့်ချိုးဟာ ကိုးဆယ်ဒီဂရီကျလေ …ကောင်းလေပဲ၊ လူဖို လူမဆိုတဲ့ ဝတ်မှုန်နှစ်မှုန်ဟာ အချစ်ဆိုတဲ့ထောင့် …စ်ထောင့်မှာ ကိုးဆယ်ဒီဂရီကျအောင် ဆုံရင် စံပြအနေအထားမှာ ဆုံ …တာပဲ၊ စံပြအချစ်ကို ရတာပဲ၊ မင်းတို့အားလုံး မင်းတို့ရဲ့ဝတ်မှုန်ထောင့်ချိုး …တွေကို ပြန်ဆန်းစစ်ကြည့်ကြပေါ့ကွာ၊ ကိုးဆယ်ဒီဂရီ ကျရဲ့လား၊ ဒါမှ …ဟုတ်…”

လက်ဖက်ရည်ဆိုင်ကအပြန်မှာ ကိုအာကာ အတွေးတွေ ဝေလာ၏။ …ကောင်လေးတွေကို မဖြေဖြစ်လိုက်သော မေးခွန်းတစ်ခု…။ သူ့ကိုယ်သူ …ပြန်ဖြေနေမိသည်။ ဝတ်မှုန်ထောင့်ချိုး၊ အင်း… ကိုယ့်ရဲ့ဝတ်မှုန်ထောင့်ချိုး။

ကိုအာကာ၏စိတ်အာရုံထဲတွင် သူသည် ထက်မြသော ဓားရှည်

တစ်လက်ဖြစ်၏။ အလျားလိုက် ဆန့်ခင်းထားသည်။ အခြားသော ဓာ
ရှည်တစ်လက်သည် ကောင်းကင်ဘုံမှ ဖြည်းညင်းစွာ ကျလာ၏။ ဒေါ
လိုက်အနေအထားဖြင့် သူ့ကို ဆုံသည်။

ထက်မြသော ဓားရှည်နှစ်လက်၏ ထောင့်မှန်ကျသော ဆုံချက်တွ
မီးပွင့်တစ်ချက် လက်ခနဲ လွင်သည်။ ထိုမီးပွင့်ကလေးသည် အချစ်ဖြစ်၏
ကိုအာကာ ပြုံးနေမိသည်။

*





## ၃။ ပထမဝတ်မှုန်

သူ၏ ပထမဦးဆုံးသော ချစ်သူမိန်းကလေးသည် ရိုးရှင်းငြိမ်သက်ရွာသူ ဖြစ်၏။ သူမနှင့် ချစ်သူ ဖြစ်ခဲ့ရသောကာလတစ်လျှောက်တွင် သူအတိုင်းအတာတစ်ခုအထိ ကြည်နူးခဲ့ဖူးသည်။

“ဟော့... ဘယ်သွားမှာလဲ”

သူမ၏လက်ကိုဆွဲ၍ တစ်ဖက်ကားလမ်းသို့ ကူးသောအခါ သူမက မျက်လုံးကလေးဝိုင်း၍ မေး၏။

“လာပါ ဟိုကားဆရာကြီးကို သွားနှောက်ဦးမယ်”

ကားဆရာကြီးသည် သူ့ကားကို လှည့်ပတ်ဖုန်သုတ်နေရင်းက သူတို့ရောက်လာသည်ကိုပင် လှည့်မကြည့်အားလှ။ ကိုအာကာက...

“ဆရာကြီးရယ်... ခေတ်သိပ္ပံပညာက အရမ်းတိုးတက်တာပဲနော်၊

အရင်တုန်းကဆို မြင်းလှည်းတွေနဲ့၊ အခုတော့ မော်တော်ကားတွေနဲ့ မြင်းလှည်းတွေက အံ့သြစရာကောင်းလောက်အောင်ကို မော်တော်ကားတွေ ဖြစ်လာကြတယ်နော်”

ကားဆရာကြီးက သူ့ကားကို သူ ဂုဏ်ယူဝင့်ကြွားစွာကြည့်ရင်း...

“အေး... ဒီကောင်ကြီးဟာ ရှေးခေတ်တုန်းကဆိုရင်တော့ မြင်းလေးကောင်လောက်က,တဲ့ မြင်းလှည်းကြီးပေါ့ကွာ... ဟဲ ဟဲ”

ကားဆရာကြီးက တစ်ဖက်သား သူ့ကို ကျူးသင်း၍ သွင်းမှန်း မသိချေ။

“ဆရာကြီးရယ်... ဒီအခွံကြီးဟာ အောက်မှာ ဒီလိုခွေတွေ တပ်ပြီးတော့ ဘယ်လိုလုပ် လျှောက်ပြေးသလဲဆိုတာ ကျွန်တော် စဉ်းစားလို့ကို မရဘူး”

“သြော်... အင်း... အဲဒါက ဒီလိုကွ...”

ကားဆရာကြီးက ကိုအာကာ့ကို ကရုဏာသက်သည့်အကြည့်မျိုးနှင့် ကြည့်ပြီး စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။ လောင်စာ၊ ဘရိတ်၊ လီဗာ၊ စတီရာရင် စသည်ဖြင့်...။

ကိုအာကာကလည်း မသိချင်ယောင်ဆောင်ပြီး စိတ်ရှည်လက်ရှည် နားထောင်လေသည်။ ကားဆရာကြီး၏စကားဆုံးမှ မျက်လုံးကို တစ်ချက်မှေးစင်းလိုက်ပြီး...

“ခုလို ဆရာကြီးရှင်းပြလို့ ဟိုခေတ်က မြင်းလှည်းကြီးတွေ ဒီခေတ်မှာ မော်တော်ကားဖြစ်လာရတဲ့အကြောင်းရင်းကို သိပါပြီ၊ ကျွန်တော် မရှင်းသေးတာလေးတစ်ခုကိုပဲ နောက်ဆုံးအနေနဲ့ မေးပါရစေ”

“မေး... မေး... ဘာမေးမလို့လဲ”





“ဒီကားကြီးတစ်စီးလုံးမှာ...”

သူက ကားကို သေချာစွာ လှည့်ပတ်စေ့ငုကြည့်လိုက်သေး၏။ ထို့နောက်မှ...

“မြင်းကို ဘယ်မှာထားထားတုံး”

“ဟော... အဲ...”

ကားဆရာကြီးဆီကနေ ပြန်ခွာလာ၏။ လမ်းတစ်လျှောက်မှာတော့ သူက တဟဲဟဲ သဘောကျနေသည်။ သူမက သူ့ကို ဆိတ်ဆွဲ၏။

“အလကားသက်သက်... လူကြီးကို သွားစ,နေတယ်”

“ဟဲဟဲ... ဟဲဟဲ”

ထိုသို့ဖြင့် သူနှင့် သူ၏ပထမဝတ်မှုန်ကလေးတို့သည် ဆောင်းမြူလို အေးသော ကာလအခိုက်အတန့်တစ်ခုမှာ စိမ့်ပိုက်ပျော်ဝင်ခဲ့ဖူး၏။

သို့သော်...

သူနှင့် သူမသည် ပြန်မဆုံနိုင်အောင်လည်း ကွာဟခဲ့ကြသည်။ သူက ခေတ်ဆန်ချင်သည်။ ခေတ်သိပ္ပံပညာကို အကြားအမြင်ကျယ်ဝန်းသည်။ သူမကတော့ မိန်းကလေးပီသသည်နှင့် အမျှ ရှေးရိုးလည်း ဆန်လွန်း၏။

“ကို့မျက်နှာကြီးက မှုန်ကုပ်ကုပ် လုပ်မနေစမ်းပါနဲ့ကွယ်”

သူမ၏ထိုစကားကြောင့် သူ့မျက်နှာက ပို၍ပင် မှုန်ကုပ်သွားသည်ဟု ထင်သည်။

“ဘာဖြစ်လို့လဲ”

“ပြုံးပြုံးလေးနေစမ်းပါ”

“ဟော...”

"ဟုတ်တယ် ပြုံးပြုံးလေးနေစမ်းပါကွယ်၊ ပြုံးတာဟာ ငွေမကုန်ဘဲ ရုပ်ကို ပိုလှစေတယ်တဲ့"

"ကိုယ်က လှချင်တဲ့သူမှ မဟုတ်တာ"

"အင်းလေ... သိပါတယ်၊ ဒါပေမဲ့ ကိုက သူများတွေကို ကူညီချင်တဲ့သူမဟုတ်လား၊ ပြုံးတာဟာ ကိုယ်က ဘယ်လောက်မှ မပေးရပါဘဲ တစ်ဖက်သားက အများကြီးရသွားတယ်တဲ့"

"ဟင်..."

"ဟုတ်တယ် ပြုံး... ပြုံးစမ်း"

"အဟီး..."

ထိုသို့ဖြင့် ချစ်သူအလိုကျ သူ့မျက်နှာကို ပြုံး၍ပြုံး၍ နေခဲ့ရ၏။ သို့သော် မျက်နှာက ပြုံးရသည့်တိုင် စိတ်ကတော့ မျက်မှောင်ကြီး ကြုတ်နေမိသည်ထင်သည်။ သူ့စိတ်က မရှင်းလှချေ။

ထိုအကြောင်းကိုလည်း လက်ဖက်ရည်ဆိုင်မှာပင် ကောင်လေးများကို သူ ပြောပြဖူး၏။

"မင်းတို့ အပြုံးအကြောင်းကို ဘယ်လောက်သိလို့လဲ ပြောကြစမ်း"

"သိတာပေါ့၊ ပထမ လမ်းထိပ်မှာ အာပုံရောင်းတယ်၊ ဒုတိယ ဥမ္မာတို့အိမ်မှာ အိမ်ဖော်ဝင်လုပ်တယ်၊ တတိယ အနေးယာဉ်အလုပ်သမားအစည်းအရုံးက ဦးမင်းဇော်သန်းနဲ့ ယူသွားတယ်၊ နောက်..."

"ဟေ့ကောင်... တော် တော် ငါမေးနေတာ ဒီကုလားမ အပြုံးအကြောင်းမဟုတ်ဘူး၊ မျက်နှာမှာပြုံးတဲ့ အပြုံးကို ပြောတာ"

"သြော်... အဲဒါတော့ သိပ်မသိဘူး၊ ကိုအာကာကြီးပဲ ပြောစမ်းပါဦး"





"ဒီလိုကွ..."

"ဟုတ်ကဲ့"

"အပြုံးဆိုတာ လူမှုရေးနဲ့ မပတ်သက်ဘူးကွ၊ ယဉ်ကျေးမှုနဲ့လည်း ...တ်သက်ဘူး၊ လူ့ရဲ့ဇာတိစိတ်နဲ့ပဲ ပတ်သက်တယ်"

"ဗျာ... ရှင်းစမ်းပါဦး ကိုအာကာကြီးရဲ့ နားမလည်ဘူး"

"ဒီလိုကွာ... ကမ္ဘာဦးမှာတည်းက တိရစ္ဆာန်တွေဟာ အားနည်းတဲ့သူက အားကြီးတဲ့သူကို လိုက်လျောဖော်ရွေတဲ့အမူအရာတွေ လုပ်ပြပြီး ဆက်ဆံရတယ်၊ သူတို့မျက်နှာတွေကလည်း ပြုံးယောင်သန်းကြတယ်၊ ...ဖြစ်ပြကြတယ်၊ တကယ်တော့ အပြုံးဆိုတာ ကိုယ့်မျိုးဆက်ထိန်းသိမ်း...အတွက် တစ်ဖက်သားကို ကြောက်လို့ ပြုံးပြရတာကွ"

"သြော်... ဒီလိုလား၊ ခုမှပဲ သိတော့တယ်၊ အဲဒါဆိုလည်း တစ်ခု...တော့ ကိုအာကာကြီးကို ကျွန်တော်တို့ အားမနာတမ်း တောင်းဆိုလိုက်ချင်တယ်"

"ဘာလဲ"

"ကိုအာကာကြီး... နောက် ကျွန်တော်တို့ကို ပြုံးပြမနေစမ်းပါနဲ့ ဗျာ၊ ပြုံးပြုံးကြီး မနေစမ်းပါနဲ့၊ ကိုအာကာကြီးက ပြုံးသာ ပြုံးတယ် အပြုံးထဲမှာ 'မင်းတို့ ငါ နည်းနည်းမှ မကြောက်ဘူးကွ' ဆိုတဲ့ အသံတွေလည်းပါလာတယ်၊ ကိုအာကာကြီးပြုံးပြတာက ဓားကိုက်ပြီး ကိုယ့်ကိုခုန်အုပ်လာသလိုပဲ"

"ဟေ..."

ထိုသို့ဖြင့်ပင် အပြုံးကိုချစ်သော သူမနှင့် ပြုံး၍မရသော သူသည်လည်း **လမ်းခွဲလိုက်ရသည်ပဲ** ဖြစ်၏။ သူ ဝမ်းနည်းသော်လည်း ဝမ်းမနည်း

တော့ပါ။ အဘယ်ကြောင့်ဆိုသော်...

သူမနှင့် သူသည် ဘဝအတွေ့အကြုံချင်း အယူအဆ အတွေးအခေါ်ချင်း ကွာဟလွန်းလှသည်။ သူတို့နှစ်ယောက်၏ ဝတ်မှုန်ထောင့်ချိုးသည် ကိုးဆယ်ဒီဂရီမကျ။

အောက်ပါအတိုင်း ကျယ်လွန်းလှချေ၏။




*





## ၃။ ဒုတိယဝတ်မှုန်

သူ၏ဒုတိယမြောက်ချစ်သူမိန်းကလေးသည်ကား သူ့လိုပင် သိပ္ပံပညာကို တန်ဖိုးထားတတ်သူဖြစ်၏။ သူမကို စတင်တွေ့ရှိစဉ်ကပင် သူမ၏အစွမ်းအစကို တွေ့မြင်ခဲ့ရခြင်းဖြစ်၏။

ထိုစဉ်က သူမသည် အခြားလူတစ်ဦးကို ကမ္ဘာလုံးအကြောင်း ရှင်းပြနေခြင်းဖြစ်၏။

"မဟုတ်ပါဘူးဟယ်၊ ငါတို့သိတာကတော့ ကမ္ဘာကြီးဟာ အပြားကြီးပါ၊ လင်ဗန်းပုံရှိတယ်"

"မဟုတ်ပါဘူး ဒေါ်ကြီးရဲ့၊ ခစ်ခစ်... စကြဝဠာထဲက ဂြိုဟ်တွေ၊ ကြယ်တွေအားလုံးဟာ ဓာတုဗေဒအမြှုပ်တွေချည်းပဲ၊ အမြှုပ်ထပြီး ပေါ်ပေါက်လာတဲ့ ဓာတ်ပစ္စည်းတွေ၊ အမြှုပ်ဆိုတဲ့အတိုင်း ဒေါ်ကြီး စဉ်းစား

ကြည့်ပေါ့၊ ပြားစရာ ဘာအကြောင်းမှ မရှိဘူး၊ လုံးဖို့ပဲ ရှိတယ် ခစ်ခစ်..."

သူနှင့် ထိုမိန်းကလေးသည် နောက်ပိုင်းကာလများတွင် ချစ်သူ ဖြစ်ကြသည်အထိပင် ရင်းနှီးသွားကြ၏။ ဝါသနာတူသလို စိတ်ဝင်စား သောအကြောင်းအရာချင်းလည်း တူ(သယောင်ရှိ)သောကြောင့် သူတို့ နှစ်ဦးသည် တတွဲတွဲရှိခဲ့ကြ၏။

"ကိုယ်သာ ငှက်ဖြစ်လို့ရှိရင် မင်း သက်သာမှာ မဟုတ်ဘူးနော်"

သူ့စကားကြောင့် သူမက မျက်လွှာဝင့်ကြည့်၏။

"ဘာဖြစ်လို့..."

"ဪ... ချစ်လို့ နမ်းတာဖြစ်ပေမယ့် နှုတ်သီးကြီးနဲ့ လိုက်လိုက် ထိုးသလို ဖြစ်မယ်လေ"

"ကွယ်... ကတ်သီးကတ်သတ်၊ ခစ် ခစ်..."

လေပြည်ညင်း၏နောက်မှာ မုန်တိုင်းသည် လိုက်လာတတ်စမြဲ ဖြစ်၏။ ထိုသို့သော အရယ်အရွှင်စကားများ၏နောက်ဆီမှာ...

ဆန့်ကျင်ဘက်ပဋိပက္ခတရားတို့သည် ချုံခိုလိုက်ပါလာကြလေတော့ သည်။

"ဟိုမှာကြည့်စမ်း"

သူက မော်တော်ဆိုင်ကယ်ပေါ်တွင် ပါသွားသော လူငယ်တစ် ယောက်ကို လက်ညှိုးညွှန်ပြ၏။ သူမက မဝေခွဲနိုင်သေးသောအသိဖြင့် ထိုလူငယ်ကို လိုက်ကြည့်စဉ်မှာပင် သူက အပြောင်အနောက်စကားတစ်ခွန်း ကို ဆိုလိုက်၏။

ထိုလူငယ်က လူမကျ မျောက်မကျ ဝတ်စားဆင်ယင်ထားသော ကြောင့်ဖြစ်၏။





"တွေ့တယ်မဟုတ်လား လူဖြစ်ခါနီး အကောင်ကြီး"

လူသည် မျောက်က ဆင်းသက်လာသည်ဆိုသော သိပ္ပံအယူအဆကို ...လည်ပြီးသော သူမအတွက် ထိုဟာသသည် မခက်ခဲလှပါ။

"ခစ်ခစ်..."

သူမက လိုက်ရယ်ပါသည်။ ထို့နောက် သူ ဘယ်လိုမှ လက်မခံ ...သောအယူအဆတစ်ခုကိုလည်း ဖွင့်ဆို၏။

"လူဖြစ်ခါနီးအကောင်ကြီးမဟုတ်ဘူး အစ်ကိုရဲ့၊ လူဖြစ်ပြီးခါစ အကောင်ကြီး"

ထိုစကားကြောင့် သူ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"ဟေ... ဘာကို ဆိုလိုတာလဲ"

"ဒီလိုလေ အစ်ကိုရဲ့၊ မျောက်ကနေ လူဖြစ်လာတာ မဟုတ်လား"

"အင်း... ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒါဆို လူကနေလည်း မျောက်ပြန်ဖြစ်သွားနိုင်တာပေါ့ အစ်ကိုရဲ့"

"ဟေ..."

သူ အံ့သြပြီးရင်း အံ့သြနေရတော့သည်။

"နေပါဦး... မျောက်ကနေ လူဖြစ်တာတော့ ဟုတ်ပါတယ်၊ ဘာ ...ကြောင့် လူကနေ မျောက်ပြန်ဖြစ်ရမှာလဲ"

"ဪ... အစ်ကိုကလည်း ဒါကရှင်းပါတယ်"

"အင်း... ပြောပါဦး၊ ဘယ်လိုရှင်းတာလဲ"

"ဘယ်အရာမဆို တက်ပြီးရင် ပြန်ကျတတ်တာပဲ၊ မျောက်ကနေ ...ဖြိုးတိုးတက်လာပြီး လူဖြစ်လာပေမယ့် ဆုတ်ယုတ်ကျဆင်းတဲ့အချိန်ကို တစ်ခေါက်ပြန်ရောက်လာရင်တော့ လူကနေ မျောက်ပြန်ဖြစ်သွားရမှာပေါ့"

"ဟော..."

"ရိုးရိုးလေးပါ အစ်ကိုရဲ့၊ လောကကြီးရဲ့အတက်အကျ အနိမ့် အမြင့် သဘာဝအတိုင်းပါပဲ"

သူ မည်သို့မျှ လက်မခံနိုင်ချေ။

"ဟာ... မဟုတ်သေးပါဘူးကွာ"

သူမကလည်း ခေါင်းမာ၏။

"ဘာလို့မဟုတ်ရမှာလဲ၊ ရှင်းရှင်းလေး"

"ဘာရှင်းတာလဲ"

"အိုး... ရှင်းလို့ ရှင်းတာပေါ့"

"တော်... တော် မျောက်မ"

"ရှင်လဲ တော်... မျောက်ထီး"

ထိုနေ့က ထိုသို့ဖြင့်ပင် သူတို့နှစ်ယောက် ကိုယ့်အိမ်ကိုယ်ပြန်ခဲ့ကြ၏။ လူးကာလိမ့်ကာဖြင့် တစ်ညလုံး သူ အိပ်မပျော်။ သူမ၏သိပ္ပံအမြင် သွေဖည်မှုကို သူ မချင့်မရဲ အသည်းနာနေမိသည်။

"အေးလေ... ဖြည်းဖြည်းချင်းတော့ သွန်သင်ဆုံးမပြီး လမ်းမှန်ကို ဆွဲခေါ်သွားရမှာပေါ့"

ထိုမျှအထိ သူ့စိတ်ကို လျှော့ချခဲ့ဖူးပါသည်။ သို့သော် နောက်နေ့မှာလည်း အဆင်မပြေမှုက ဆင့်ကဲဖြစ်တည်လာ၏။ သူနှင့်ရော သူမနှင့်ပါ ခင်မင်ရင်းနှီးသူ မိတ်ဆွေတစ်ဦးက အအေးဆိုင်မှာထိုင်ပြီး သူဖတ်မိသည့် နိုင်ငံခြားသတင်းတစ်ပုဒ်အကြောင်း ပြောပြစဉ်က ဖြစ်၏။

"အံ့သြစရာပဲဗျ ပြုံးလဲ ပြုံးမိတယ်"

"ဘာတုံးဗျ"





"...သတင်းထဲမှာဗျာ လူတစ်ယောက်က သူ့မိန်းမကို ငါးရှဉ့် ... ငါးရှဉ့်အရှင်ကို သေတဲ့အထိရိုက်တာ၊ သူ့မိန်းမခမျာ ...ကျင်ခဲ့ရတယ်တဲ့၊ အဲဒါ မိန်းမက ယောကျ်ားကို တရားစွဲတယ်"

"အင်း... အဲဒီတော့"

"တရားရုံးက ယောကျ်ားလုပ်သူကို ငါးဒေါ်လာ ဒဏ်ငွေတပ်လိုက် ... ဒါပေမဲ့ သူ့မိန်းမအတွက် မဟုတ်ဘူး... ငါးရှဉ့်အတွက်၊ ငါးရှဉ့် ...လတ်လတ်ကို သေတဲ့ထိ ကိုင်ရိုက်လို့ တိရစ္ဆာန်ညှဉ်းပန်းမှုနဲ့ ဒဏ် ...တာတဲ့"

မိတ်ဆွေက ထိုအကြောင်းပြောပြပြီး စိတ်မသက်သာစွာ တဟား ...သည်။

"လူတွေကလဲဗျာ... လူ့အသိတရား မရှိလိုက်တာ"

သူ့ညည်းတွားသံမဆုံးမီမှာပင်...

"လူတွေက တိရစ္ဆာန်စိတ်ဝင်နေပြီ၊ မျောက်ကလာတဲ့ လူက ...ပြန်ဖြစ်ချင်နေပြီ၊ လူက တိရစ္ဆာန်ကို ညှဉ်းတဲ့သဘော မဟုတ်ဘူး၊ ...ဆာန်က တိရစ္ဆာန်ကို ညှဉ်းတာ၊ သူ့မှာ ဘာအသိတရားမှ သိပ်မရှိ ...ဘူး"

"ဟော့... မင်း တိတ်တိတ်နေရင် ကောင်းမယ်ကွာ"

"ဘာလို့ တိတ်ရမှာလဲ၊ ဟုတ်တာ ပြောတာ၊ အမှန်တရားမှာ လျှာ ...ချောင်းရှိတယ်ရှင့်"

"ဟာကွာ မင်း..."

"ရှင့်မျက်နှာကြီး အဲဒီလို ရှုံ့တွ မှုန်သိုးလာလေလေ ကျွန်မရဲ့အယူ ...ဟာ မှန်လာလေလေပဲ၊ ရှင်လည်း မျောက်ပြန်ဖြစ်တော့မယ်"

"ကဲ... ဖြစ်ဦးကွာ"

"အောင်မာ ကဲ... ကဲ"

"ဟော့ ဟော့... မလုပ်ကြနဲ့လေ"

ထိုသို့ဖြင့်ပင် သူ၏ဒုတိယမြောက်ချစ်သူမိန်းကလေးသည် အစိမ်းတေးကို သီဆိုကာ မငြိမ်းအေးသောခြေလှမ်းများတို့ဖြင့် သူ၏အိပ်မက်များကို သိမ်းပေးသွားပါတော့သည်။

အိပ်မရသူမို့ ညတာက ရှည်သည်။ ညကြီးသန်းခေါင်မှာ သူ့ကိုယ်သူ မှန်ထဲကြည့်ဖြစ်၏။ မှန်အပြင်မှ အာကာက မှန်အထဲမှ အာကာကို နွမ်းလျရိဝေစွာ လက်ခါပြလိုက်၏။

"အိပ်မက်တွေ မရှိတော့ဘူး"

မှန်ထဲမှ အာကာ လဲကျသေဆုံးသွားသည်။

သူ ဝမ်းနည်းသော်လည်း ဝမ်းမနည်းတော့ပါ။ ထိုမိန်းကလေးသည် သူနှင့် အလှမ်းကွာလွန်းလှသည်ကား မဟုတ်။ သို့သော် လိုက်ဖက်ညီညွတ်မှု မရှိ။ သူနှင့် ထိုမိန်းကလေးတို့၏ဝတ်မှုန်ထောင့်ချိုးသည်လည်း အကျည်းတန်စွာ ပြိုလဲလာတော့၏။

အောက်ပါအတိုင်း ကျဉ်းလွန်းလှချေသည်။








## ၅။ တတိယဝတ်မှုန်

သူ၏ တတိယမြောက်ချစ်သူမိန်းကလေးက ခေတ်မီ၍ ထက်မြက်လှပ၏။ နောက်ဆုံးပိတ်မို့ အိတ်နှင့်လွယ်လိမ့်မည်ဟုလည်း ထင်စရာရှိသည်။

ထိုမိန်းကလေးကို သူ စ,တွေ့သောညနေသည် ပြေလွင်ညိုလင်းလျက်ရှိ၏။ ညဥ့်ဦးယံ မြူနှင်းများကလည်း စောစီးစွာရောက်ရှိနေကြသည့် ဆောင်းညနေတစ်ခုဖြစ်သည်။

ထိုစဉ်က ကိုအာကာသည် သူ့တွင်ပါလာသည့် ဝန်စည်စလှယ်များကြောင့် အကူအညီရလိုရငြား ကြုံရာကားကို လက်တားနေရသည့် အချိန်ဖြစ်သည်။

သူတစ်ပါးအကျိုးဆောင် ကိုယ့်အကျိုးအောင် ဟူသော ဆောင်ပုဒ်ကို ကျောင်းစာသင်ခန်းနံရံပေါ်တွင်သာ မေ့မေ့လျော့လျော့ ထားရစ်ခဲ့ကြ

သူက များ၍ သူ လက်တားသည့်တိုင်အောင် မည်သည့်ကားမှ ရပ်မပေးချေ

"ကျွဲ..."

ထိုအခိုက်မှာပင် ကားလေးတစ်စီးက သူ့အနားမှာ ထိုးဆိုက်လိုက်

၏။ ကိုအာကာ ဝမ်းသာသွားမိသည်။ ကားကို ကိုယ်တိုင်မောင်းလာသော

မိန်းမချောလေးက ကိုအာကာ့ကို ခေါင်းပြုကြည့်၏။

ကိုအာကာ သူ့ခါးကို ကိုင်းညွှတ်ကာ...

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော့်ကို..."

"ခုနက ယုန်တွေလိုက်ရောင်းတဲ့သူ ဘယ်ရောက်သွားလဲ၊ တွေ့

လိုက်လား"

"အင်း... တွေ့လိုက်ပါတယ်၊ ယုန်ရောင်းတဲ့သူ ဟိုဘက် ထွက်

သွားတယ်"

"ဩော် အင်း... ဟုတ်ပြီ၊ ရှင်ကရော ဘယ်သွားမှာလဲ"

"ကျွန်တော်က ဒီဘက်..."

"ဩော် အင်း... သွား သွား၊ ကျွန်မလည်း သွားလိုက်ဦးမယ်"

ပြောပြောဆိုဆို ယုန်ရောင်းသူ သွားရာဘက်သို့ သူ့ကားကို ဂူးခ

မောင်းထွက်သွားပါတော့သည်။

အသံတိတ်ရေရွတ်ဆဲဆိုကာ ကျန်ခဲ့ရင်းကပဲ ထိုမိန်းကလေးက

သူ မမေ့နိုင်အောင် စွဲလမ်းခဲ့၏။ ထိုမိန်းကလေးကို သူ နီးစပ်အောင် ချဉ်

ကပ်ခဲ့၏။ ထိုသို့ဖြင့်ပင် သူမသည် သူ၏ တတိယမြောက် 'ဇေ' ဖြစ်လာ

လေသည်။

သူမသည် သူထင်တာထက်ပင် ပို၍ထက်မြက်သူ ဖြစ်၏။

"ဘိုင်အိုရစ်သမ် (Biorhythm) ဆိုတာကို ကလေး ကြားဖူးလား"





သူမက သွက်လက်စွာ ခေါင်းညိတ်ပြ၏။

"အို... ကြားဖူးတာပေါ့၊ ကိုကြီးက အဲဒါကို လေ့လာဖူးလားဟင်"

ထိုထိုသော မေးခွန်းမျိုးသည် သူ အင်မတန်ဂုဏ်ယူစွာ ပြန်ဖြေတတ်

မေးခွန်းမျိုးဖြစ်၏။

"အာ... လေ့လာဖူးတာပေါ့ကွ၊ ဘာဖြစ်လို့လဲ"

"အဲဒီစနစ်နဲ့ ဗေဒင်ဟောလို့ရတယ်ဆို"

"အင်... အဲ"

ထိုအချက်ကို သူ မသိချေ။ ဘိုင်အိုရစ်သမ်ကို သိသော်လည်း ဘိုင်အို

ဖြင့် ဗေဒင်ဟော၍ ရသည်ဆိုတာကိုတော့ သူ မသိချေ။

ချောလေးက ဂျီကျလေတော့သည်။

"အဲဒါဆို မီးကို ဗေဒင်ဟောပေး၊ နော်... ကိုကြီး"

"ဟော..."

ဤမိန်းကလေးနှင့် ပတ်သက်၍ ဤကဲ့သို့သောအဖြစ်မျိုး ကြုံရသည်

တစ်ရံတစ်ခါ မဟုတ်ပါချေ။ 'မကြာမကြာတွေ့' များလှလေပြီ။

"ကိုကြီး..."

"ဟင်... ပြော ကလေး"

"Willpower ကို ကိုကြီး လေ့လာဖူးလား၊ စိတ်တန်ခိုးလို့ ဘာသာ

တယ်နော်"

"အင်း လေ့လာဖူးသားပဲ"

"ဟိန္ဒူတွေ မီးနင်းတာလဲ Willpower ရဲ့ အစွမ်းပဲ ဖြစ်မယ် ထင်

ကိုကြီး ဘယ်လိုမြင်လဲ"

"အင်း... ဖြစ်နိုင်ပါတယ်"

"ဒါဆို ကိုကြီးရယ်..."

"အင်း... ဆို"

"နက်ဖြန်ခါ ကံဘဲ့က ကုလားမီးနင်းပွဲမှာ ကိုကြီး ဝင်နင်းပြ လား"

"ဟေ..."

ထိုသို့ဖြင့်ပင် သူနှင့် သူ၏တတိယမြောက် ချစ်သူမိန်းကလေး သည် တူမယောင်နှင့် ကွဲခဲ့၏။ အချစ်ဆိုသောအရာကလည်း (သူ့အတွက် မို့လေလား မသိ) ဖြူမယောင်နှင့် မည်းခဲ့လေသည်။

တစ်နေ့မှာ...

"မိဖြူရေ... လကမ္ဘာဆီ ပြန်သွားတော့"

သူမက သူမ၏ယုန်ကလေးမိဖြူကို လှောင်အိမ်ကြီးထဲ ပြန်သွင်း နေခြင်းဖြစ်သည်။ ထိုလှောင်အိမ်ကို သူမက လကမ္ဘာဟု အမည်ပေးထား၏ သူ့ဘက်ကိုလည်း လှည့်ပြောလိုက်သေးသည်။

"အမေရိကန်ကသာ လကို တကယ်ရောက်ခဲ့ရီးမှန်ရင် လမင်း ဝပ်နေတဲ့ ယုန်ကလေးရယ်၊ ဆန်ဖွပ်တဲ့ အဘိုးအိုရယ်ကို တွေ့ခဲ့မှာပဲနော် ခစ် ခစ်"

သူမကရယ်သော်လည်း သူက မရယ်နိုင်ချေ။

"အမေရိကန်တွေ လပေါ်ရောက်ခဲ့တယ်ဆိုတာကို ကလေးက မ ဘူးလား"

သူမကလည်း ချက်ချင်းပင်တုံ့ပြန်၏။

"ဟင့်အင်း မယုံပါဘူး"

"ဟင်... ဘာဖြစ်လို့လဲ"



သူက သူမကို အံ့သြနေသည့်အတွက် သူမကလည်း သူ့ကို ပြန် နေသေးသည်။

"ဟာ... ကိုကြီးကလဲ၊ အဲဒါကြီးက ညာတာပဲဟာကို တစ်ကမ္ဘာ ပြီ၊ ကိုကြီး မသိဘူးလား"

"ဟင်... တောက်တီးတောက်တဲ့ကွယ်၊ ဘာမှပြောသံ မကြားပါ"

"လို့သာ အားလုံးက လက်ခံထားကြတာပေါ့"

"ဟင့်အင်း... လက်မခံပါဘူး"

"ကဲ... အထောက်အထားပြ၊ စကားဆိုတာ ရမ်းမပြောရဘူး၊ အယူ တာကလည်း ခိုင်လုံမှ တင်ရတယ်၊ ပြော... အထောက်အထား"

"အောင်မယ်... သိပ်ပြောနိုင်တာပေါ့၊ ခု အာကာသ သိပ္ပံပညာရှင် တွေ ရှိချက်တွေထဲမှာကို ပါတယ်၊ လကို သွားဖို့ဆိုတာတဲ့..."

"အင်း... ဘာဖြစ်လဲ"

"ကြားထဲမှာ ဖြတ်သန်းသွားရမယ့် အာကာသဟင်းလင်းပြင်ခရီး သူတွေ အသက်ရှင်လျက် ကျော်လွှန်သွားနိုင်ဖို့ မလွယ်ဘူး မဖြစ်နိုင် ပြောတယ်"

"ဟင်... ငါ မကြားမိပါဘူး"

"ရှင်းရှင်းလေးပါ ကိုကြီးရယ်၊ ကိုကြီးက သဲကန္တာရကို နွားလှည်း ဖြတ်ပြီး သွားဖို့ဆိုတာ မလွယ်သလိုပေါ့"

"အဲဒီဆီသွားဖို့ မလွယ်တာက ကိစ္စမရှိပါဘူး၊ အဲဒီ သဲကန္တာရတွေ သည်းတွေ ထားလိုက်စမ်းပါ၊ ငါဦးနှောက်ဆီ ငါသွားဖို့က လွယ်ပါ အမှန်ကို ငါသိပါတယ်"

"ဒါ... ကိုကြီးထင်လို့ပါ"

"ဟင်… ဘာ၊ အောင်မာ… နေပါဦး၊ လပေါ်မှာ အမေရိကန်
အလံစိုက်ထားတဲ့ ဓာတ်ပုံကို မတွေ့ဖူးဘူးလား"

"တွေ့ဖူးသားပဲ ညာရိုက်ထားတာကြီး"

"အောင်မာ… လာပြန်ပြီ၊ ဘာဖြစ်လို့လဲ"

"တွေ့ဘူးလား၊ လပေါ်မှာ လေမရှိဘူး ပြောပြီးတော့ အလံကြီးက
တလူလူလွင့်နေတယ်"

"အဲ…"

သူ ဘာဆက်ပြောရမည်မှန်းမသိ ဖြစ်နေသည်။ သူမက တရစပ်
ဆက်ပြောသွား၏။ စိန်ဗေဒါ၏လက်စွမ်းပြတီးလုံးတဲ့ တစ်တွဲကွဲသို့ပင်
သူ့နားထဲမှာ အီဆိမ့်ထွက်သွားရသည်။

"လက ကမ္ဘာထက် အပူအအေး အများကြီးပိုမြင့်တယ်၊ နေရောင်
ကျတဲ့နေရာမှာ ခဲတောင် အရည်ပျော်တယ်၊ နေရိပ်ကျတဲ့နေရာမှာ ရေ 'ခဲ'
တယ်တဲ့၊ အဲဒီလိုနေရာမှာ ဒီအာကာသယာဉ်မှူးတွေ ဘယ်လိုလုပ် အသက်
ရှင်လာလဲ"

"အဲ…"

"နောက် သူတို့ရဲ့လဆင်းယာဉ်က ပလတ်စတစ်နဲ့ လုပ်ထားတာ
တွေပါတယ်၊ ဆယ်ခါပြန်တောင် အရည်ပျော်သွားဦးမယ်၊ ရယ်စရာကြီး"

"ဟေ…"

"နောက်ပြီး သူတို့ လပေါ်ရောက်တာမှန်ရင် လပေါ်ကနေပြီ
ကမ္ဘာမြေဆီကို အဆင့်မြင့် သိပ္ပံနည်းတွေနဲ့ အချက်လှမ်းပေးလို့ ရတယ်
ဘာလို့ မလုပ်သလဲ"

"အာ…"





"[illegible] အများကြီး… တခြားလည်း အများကြီးရှိသေးတယ်
[illegible] ကိုကြီး… ဗုဒ္ဓဘာသာကျမ်းစာတွေကိုရော မလေ့လာ
[illegible] ရှင်သာရိပုတ္တရာကို 'အရူပဘုံ'အကြောင်း ဟောတဲ့
[illegible] လကို လူမရောက်နိုင်ကြောင်း ဟောသွားတယ်၊ အဲဒါ
[illegible]"

"..........."

"[illegible]တော့ ကိုကြီးရယ်… လဆီ လူရောက်ဖို့ထက် ကိုယ့်
[illegible] ကိုယ်ရောက်ဖို့က အရေးကြီးပါတယ်"


"..........."

[illegible]ပိုင်းမှာ ကိုအာကာ သူမဆီသို့ ခြေဦးမလှည့်တော့ချေ။
[illegible]ကိုယ်ပဲ စိတ်နာသလိုလို၊ အမေရိကန်ကိုပဲ စိတ်နာသလိုလို
[illegible]။ သူမနှင့် ပတ်သက်၍ သူ့စိတ်အာရုံထဲတွင် နာကျင်ကြေကွဲသလို
[illegible]သည်။

စိတ်အာရုံထဲတွင် အာကာသဟင်းလင်းပြင်ကြီးကို မြင်သည်။ သူက
[illegible]တွင်ရှိ၍ သူမက လကမ္ဘာတွင် နှင်းဆီပန်းလေးတစ်ပွင့်အဖြစ်
[illegible]သည်။

အာကာသဟင်းလင်းပြင်ထဲ ဆန့်ထုတ်ကာ ထိုနှင်းဆီပန်းကလေး
[illegible]နိုင်ရန် ကမ္ဘာမြေဆီမှ သူ လက်လှမ်း၏။ သို့သော်…
ကမ္ဘာသည်လည်းကောင်း၊ လမင်းသည်လည်းကောင်း လည်ပတ်
[illegible]သည်။ ထိုသို့ဖြင့် သူ့လက်နှင့် ထိုနှင်းဆီခက်ကလေးတို့သည်
[illegible]… ဝေးကွာ… အရာရာ ပြီးဆုံးသွား…။

သူနှင့် သူမတို့၏ ဝတ်မှုန်ထောင့်ချိုးသည်လည်း ခါးမှ ဆန့် ခံရသည့်နှယ်ပင် အောက်ပါအတိုင်း ကျိုးကျသွားသည်။



*





[illegible]

"အလကားပါကွာ၊ ခွေးလည်ဆံမွှေးဆိုတာလည်း ခွေးမွှေးပါပဲ" ကိုအာကာသည် လောကကြီးကို စိတ်ချဉ်ပေါက်သော လူတစ် [illegible] ဖြစ်မှန်းမသိ ဖြစ်ခဲ့ပြီ။

"ချစ်သူနှစ်ယောက်ဖြစ်ပြီးမှ တစ်ယောက်နဲ့တစ်ယောက် တူညီမှု [illegible] ဆိုလို့ရှိရင် အလကားပဲ၊ စကားရှိတယ် The strangers in a [illegible] တဲ့။ အမိုးတစ်ခုတည်းအောက်က သူစိမ်းတရံဆံများဆိုတာ" ကောင်လေးတွေအားလုံး ငြိမ်သက်နားထောင်ကြ၏။ လက်ဖက်ရည် [illegible] ထွက်လာပြီး ဟိုဟိုသည်သည်လျှောက်သွားကာ ကိုအာကာ့စိတ်တို့ [illegible] ဆေဖြစ်နေသည်။

ရုပ်ရှင်ကြည့်သည်။ ပစ်ကနစ်ထွက်သည်။ လေးအဖွဲ့ချုပ်မှာ လေး

သွားပစ်သည်။ (တစ်ချက်မှ ပစ်မှတ်ကို မမှန်၊ စိတ်ညစ်သည့်ကြားထဲ စိတ်ညစ်သွားရသည်။)

ထိုနောက်ပိုင်းရက်များတွင် သူသည် ဘာသာရေးဆိုင်ရာ အ အစည်းများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှား၏။ ထို့အပြင် သမိုင် စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ စာအုပ်စာတမ်းများကိုလည်း ဝါးစားသ ဖတ်ပစ်သည်။

သို့သော်...

သူ့စိတ်ထဲမှာ မကြည်လှသေး။ မည်သည့်အရာနှင့်မှ စင်ကြ အောင် 'ခတ်'၍ မရတော့လောက်အောင် သူ့နှလုံးသား နောက်ကျ ထင်သည်။

ထူးထူးခြားခြားတွေ လျှောက်လုပ်ပြန်၏။ ဓာတ်ခန်းများ၊ သိုက် များကို ဆက်သွယ်ကြည့်သည်။ အောက်လမ်းနည်းပညာများကို စပ်စုသ ထိုကာလထဲမှာပဲ ဝိညာဉ်ပိုင်းဆိုင်ရာ ကပွဲတစ်ခုကို သူ ကြည့်လိုက်ရသ တန်ခိုးရှင်ကိုးကွယ်မှုနှင့် ပတ်သက်သော အရိုင်းဆန်သည့်အကမျိုးဖြစ် ကသူ၏မျက်နှာကို မျက်နှာဖုံး စွပ်ထားသည်။

မျက်နှာဖုံးတွင် တစ်ခြမ်းနှင့်တစ်ခြမ်း အဓိပ္ပာယ်ကွဲလွဲစွာ ဖော် ထားသည်။ တစ်ခြမ်းက အပျော်၊ တစ်ခြမ်းက အမှာ၊ ထိုမျက်နှာဖုံးစွ ကနေသော ဝိညာဉ်ဆိုင်ရာကချေသည် (spritual dancer) ကို သူ စိ ဝင်တစား ငေးကြည့်ခဲ့သည်။ ထို့နောက်...

ထိုကပွဲကအပြန်တွင် သူ အကြံတစ်ခု မြင်မိ၏။ သူ့အကြံကို အားရသောကြောင့် အိမ်နောက်ဖေးတံခါးကိုပင် ဖနောင့်နှင့် ပေါက်လို မိသေးသည်။





ထို့နောက်...

သူ့အကြံအစည်ကို သူ အကောင်အထည်ဖော်ပါတော့သည်။

"ဂီတ တိပ်ခွေတစ်ခွေလောက် လိုချင်တယ်"

...ဆိုင်သို့ သူ သွားခဲ့၏။

"ဘယ်လိုဂီတပါတဲ့ တိပ်ခွေလဲ"

"ဒီလိုဗျာ..."

သူလိုချင်သော ဂီတသံကို တောင်းဆိုကြည့်၏။ ရသည်။ အဆင် ... သူ ကျေနပ်အားရစွာပင် အပ်ချုပ်ဆိုင်သို့ ဆက်ထွက်လာခဲ့သည်။

"ဝတ်စုံတစ်စုံလောက် ချုပ်ချင်လို့"

"အင်း... ရပါတယ် ဘယ်လိုဝတ်စုံမျိုးလဲ"

"ဒီလိုဗျာ..."

သူ ရှင်းပြ၏။ အပ်ချုပ်သမားက သူရှင်းပြသည်ကို နားမလည် ...ညည်လက်ရှည် အတော်ရှင်းပြယူရသည်။ နောက်ဆုံးမှာ သဘော ...၏။ ထိုအခါကျတော့လည်း သူ အံ့သြပြန်သည်။

"ရှာရှာပေါက်ပေါက်ဗျာ၊ ဒီလိုဝတ်စုံမျိုးကို ခင်ဗျားမို့..."

နောက်တော့လည်း လက်ခံလိုက်ပါသည်။

"အင်း... ချုပ်ပေးမယ်လေ၊ ဒါပေမဲ့ လက်ခတော့ ပိုပေးရမယ်၊ ...တစ်စုံကြီးက..."

"အိုကေ... အိုကေ မပူနဲ့ ပိုပေးမယ်"

"နောက်တစ်ပတ်လောက်ကြာရင် လာယူ"

"အိုကေ"

တစ်ပတ်စေ့သောနေ့သည် ကိုအာကာ့အတွက် စစ်ဆင်ရေး စ,ရ

သောနေ့ဖြစ်သလို အောင်ပွဲတစ်ခုအတွက် ရည်မျှော်ကျေနပ်ရသောနေ့လည်း ဖြစ်၏။

ညရောက်ပြီ။ လူသံသူသံ အားလုံးတိတ်ဆိတ်ငြိမ်ပြီ။ မိုးကောင်ကင်မှ လမင်းသည် ဖန်ဖြူပွင့်တစ်ပွင့်လို လင်းဝင်းနေ၏။

ကိုအာကာ သူ့အခန်းထဲမှာ နိုးကြားစွာရှိနေသည်။ အခန်းထဲမှာလည်း သူဝယ်ထားသော ပစ္စည်းပစ္စယများဖြင့် ပြည့်စုံနေပြီ။

အခန်းသည် အစိမ်းရောင်၊ အနီရောင်၊ လိမ္မော်ရောင် စသော မီးရောင်များ စွန်းထင်းပျံ့စီးနေ၏။ အခန်းသည် ဝိညာဉ်ဆန်ဆန် လင်းနေသည်။

မတိုးမကျယ်ဖွင့်ထားသော ဝိညာဉ်ခေါ် ဂီတသံသည် အခန်းထောင့်တစ်နေရာမှ ရင်ဖိုလှုပ်ရှားဖွယ်ရာ ထွက်ပေါ်လာသည်။

ကိုအာကာသည် မှန်ရှေ့မှာရပ်၏။ မှန်ထဲမှ သူ့ပုံရိပ်ကို ရင်ခုန်ထွေပြားစွာ ကြည့်၏။

မှန်ထဲမှာ…

သူသည် ထူးဆန်းသောဝတ်စုံတစ်စုံကို ဝတ်ထား၏။ ထိုဝတ်စုံသည် ညာဘက်ခြမ်းက ယောကျ်ားဝတ်စုံဖြစ်ပြီး ဘယ်ဘက်ခြမ်းမှာတော့ မိန်းမဝတ်စုံဖြစ်သွားသည်။

သူ၏မျက်နှာတွင်လည်း ဆေးရောင်များကို မျက်နှာဖုံးတစ်ခုလို လိမ်းခြယ်ထားသည်။ ညာဘက်ခြမ်းသည် အဖိုဖြစ်ပြီး ဘယ်ဘက်ခြမ်းသည် အမဖြစ်၏။

ညာဘက်ခြမ်းကို ယောကျ်ားဆန်ဆန်၊ စုတ်ချက်ကြမ်းကြမ်း ရေးခြယ်ထားသော်လည်း ဘယ်ဘက်ခြမ်းကတော့ အနုစိတ်ဆန်လွန်းလှ၏။





ဘယ်ဘက်မျက်ခုံးကို သုံးရက်လ,လို ရေးဆွဲထား၏။ ဘယ်ဘက်မျက်လုံး

ကို မျက်တောင်တု တပ်ထားသည်။ ဘယ်ဘက်ပါးပြင်ကို မျက်နှာချေ

လိမ်းထားသည်။ နှုတ်ခမ်း၏ဘယ်ဘက်ခြမ်းသည်လည်း နှုတ်ခမ်းဆိုးဆေး

များ လူးသုတ်ထားလျက်…။

သူသည်…

မှန်ထဲမှ သူ့ပုံရိပ်ကို မမိုတ်မသုန်ကြည့်ကာ ဝုံကြွားစွာ အော်ဟစ်

လိုက်၏။ ဝမ်းခေါင်းသံဖြင့်…

"ဂူး… အူး"

ထို့နောက် ကက်ဆက်ထဲမှ တေးသွားက မြူးကြွစွာ ပြောင်းလဲ

ထွက်ပေါ်လာသည်။ သူ ဆန်းကြယ်စွာ ကခုန်ပါတော့သည်။

သူ့ဘဝတွင် ထောင့်မှန်ကျစွာ ဆုံစည်းရမည့် ချစ်သူကို အထူးအထွေ

ရှာစရာမလိုတော့။ ကိုယ်နှင့် လိုက်လျောညီထွေအရှိဆုံး ဖြစ်မည့်သူသည်

ကိုယ်ပင်ဖြစ်ကြောင်း အတွေ့အကြုံများမှတစ်ဆင့် သူ သိနားလည်ခဲ့ပြီ

ထို့ကြောင့်…

သူ့ကိုယ်သူ အဖိုခြမ်းနှင့် အမခြမ်း ခွဲပစ်လိုက်သည်။ စိတ်လှုပ်ရှား

စရာကောင်းသော မီးရောင်၊ တီးလုံး၊ ဝတ်ရုံကြီးတို့နှင့်အတူ သူ ကခုန်

နေသည်။ တီးလုံးက ပုံစံပြောင်းသွား၏။

ဖြည်းညင်းစွာ လူးလွန့်ထွက်ပေါ်လျက် ကခုန်ရန်မဟုတ်ဘဲ တစ်

တစ်ခု ပြုမူလှုပ်ရှားရန်အတွက်သာ ရည်ရွယ်တည်ဆောက်ထားသည့် တီးလုံး

မှန်ထဲမှ သူ့ပုံရိပ်ကို သူ…

စူးရှစွာ ကြည့်လိုက်ပြန်သည်။ ထို့နောက် လက်နှစ်ဖက်ကို ဆန့်

တန်းလိုက်၏။ ဖို, မ သဘာဝပြုမူချက်များကို သူ စမ်းသပ်ရတော့သည်

အဖိုခြမ်းမ ကောင်လေးက အမခြမ်းမှ ကောင်မလေးကို မျက်လုံး မှိတ်ပြလိုက်သည်။ သို့သော် ကောင်မလေးက မမြင်။

ကောင်မလေးက ကောင်လေးကို မျက်စောင်းထိုးလိုက်၏။ သို့သော် ကောင်လေးထံမှ မမြင်ရ။

ကောင်လေးက ကောင်မလေးဘက် လှည့်လိုက်သည်။ ကောင်မလေး လုံးလုံးပျောက်သွား၏။ ကောင်မလေးကို ပြန်ခွဲခေါ်လိုက်သည်။ ကောင်လေး ကို ရှာမတွေ့ပြန်တော့။

“...........”

အတန်ငယ် စိတ်ညစ်သွားသည်။ သို့သော် သူ ဆက်ကြိုးစားမည် သာဖြစ်သည်။ မေတ္တာစစ် မေတ္တာမှန်တို့၏ ခရီးလမ်းသည် မဖြောင့်တန်း ကြောင်း သူနားလည်သည်။ သူ ကြိုးစားရမည်။ ထို့ကြောင့်...

လက်နှစ်ဖက်ကို ရှေ့ဆန်းတန်းကာ ကောင်လေးက ကောင်မလေးကို ပွေ့ဖက်ရန် ကြိုးစား၏။ မရ။ လိုက်လေ လည်လေဖြစ်နေသည်။ ထိုသည် ပင်လျှင် အချစ်၏ ‘နီးလျက်ဝေးခြင်းသဘောတရား’ ဟု သူ နားလည် သည်။ ထို့ကြောင့် သူကား ဆက်လက်ကြိုးစား၏။


ထိုသို့ဖြင့် သူ့ကိုယ်သူ ပြန်ပွေ့ဖက်ရန် ကြိုးစားရင်း ပတ်ချာလည်ခဲ့ ရချေပြီ။ အမှန်တော့ ထောင့်မှန်ကျစွာ ဆုံတွေ့ရမည့် ချစ်သူကို သူဖော် ထုတ်ခြင်း ဖြစ်၏။





ယခုတော့...

သူ့တစ်ကိုယ်တည်း စက်ဝိုင်းသဏ္ဌာန်ရွေ့လျားကာ တစ်ပတ်ပြီး တစ်ပတ် လည်နေရှာတော့သည်။ ဝတ်မှုန်ထောင့်ချိုးကြီးလည်း ခွေလဲ၊ သုံးရာ့ခြောက်ဆယ်ဒီဂရီတိုင်အောင် ပေါက်ကွဲလျက်...။




*

## ၇။ ဝတ်မှုန်ဘာသာဗေဒ

ပန်းရုံမှာ ပန်းတို့လှသည်။ အချို့လူများ ရောက်လာကြ၏။ တစ်ခွန်းသောစကားကို ဆိုသည်။

"ဝတ်မှုန်ရှူးချင်လို့ပါ"

လေအတိမ်းမို့ ပန်းရုံကြီးယိမ်းသည်။ သည်းသည်းအုံ့အုံ့တုံ့ပြန်၏။ "ဝတ်မှုန်ရှူးချင်တာက ရပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဘာများလဲ"

"ပန်းပွင့်တွေအပေါ်မှာရော နားလည်တတ်ရဲ့လား"

"… … … …"

အချို့ ခေါင်းညိတ်ရှူးယူကြ၏။ အချို့ကတော့ ရပ်တန့်စဉ်းစားနေဆဲ၊ အချို့ကတော့ နှုတ်ဆက်လှည့်ပြန်သွားကြသည်။





ပန်းရုံထဲမှာလည်း အချို့သောပန်းတွေ ရဲရင့်မွှေးရှိ။ အချို့သော ပန်းတို့ ရှက်ရွံ့ငုံ့ကိုင်း။ အချို့သောပန်းများသည်ကား တိတ်ဆိတ်စွာကြွေကျဲကျန်ရစ်…။

❐

# ဝက်ပါပွဲတော်

ရှင်းလင်းသော နေရောင်ခြည်အောက်တွင် မြို့ ...

တစ်ယောက်လို ဒူးထောက်ထိုင်နေသည်။ သစ်ပင်က လေး ...

က မြားတံ၊ ဤမြို့ကလေး၏ ခံတပ်က စပါးနှံဖြစ်သည်။

ညအခါမှာ ကြယ်တို့က လှပစွာရုံသန်းလာ၏။ ...

တို့ကလည်း မြို့ကို ဖြန့်မိုးကာကွယ်သည်။ ဖြူစင်မြင့်မြတ် ...

တို့ကလည်း ဤမြို့တွင် တည်ကြည်စွာတပ်ပျံ့နေခဲ့သည်။

ဤမြို့တွင် မည်သူ၏အိပ်မက်ကမှ နှုတ်ခေါ်က ...

ညသည့် လှပသေသပ်သောရင်ခွင်တစ်ခု ဖြစ်သည်။ ထို့အတူ ...

ပျော်မွေ့ယုံကြည်ဖွယ်ရာ ကျမ်းစာတစ်ရွက်ဖြစ်သည်။ ဤသို့ ...

တစ်နေ့မှာ လူစိမ်းတစ်ယောက်ရောက်လာသည်။

## ၁။ မြို့

ရှင်းလင်းသော နေရောင်ခြည်အောက်တွင် မြို့ကလေးက တောင်သူတစ်ယောက်လို ဒူးထောက်ထိုင်နေသည်။ သစ်ပင်က လေးကိုင်း၊ သစ်ကိုင်းက မြားတံ၊ ဤမြို့ကလေး၏ ခံတပ်က စပါးနှံဖြစ်သည်။

ညအခါမှာ ကြယ်တို့က လှပစွာပျံသန်းလာ၏။ လေပြည်မြူခိုးတို့ကလည်း မြို့ကို ဖြန့်မိုးကာကွယ်သည်။ ဖြူစင်မြင့်မြတ်သောစိတ်ဓာတ်တို့ကလည်း ဤမြို့တွင် တည်ကြည်ဆွတ်ပျံ့နေခဲ့သည်။

ဤမြို့တွင် မည်သူ၏အိပ်မက်ကမှ ခုတင်ပေါ်က လိမ့်မကျခဲ့။ ညသည် လှပသေသပ်သောရင်ခွင်တစ်ခု ဖြစ်သည်။ ထို့အတူ နေ့သည်လည်း ပျော်မွေ့ယုံကြည်ဖွယ်ရာ ကျမ်းစာတစ်ရွက်ဖြစ်သည်။ ဤသို့သောမြို့ကိုမှ တစ်နေ့မှာ လူစိမ်းတစ်ယောက်ရောက်လာသည်။

## ၂။ လူစိမ်း

ထိုလူစိမ်းက သန့်ပြန့်သောရုပ်ရည်ရှိသည်။ အရွယ်အားဖြင့် သက်လတ်ပိုင်းဖြစ်ပြီး စာပေကျမ်းဂန်များကို တတ်မြောက်ထားပုံရသည်။ ပြုံးချိုသောမျက်နှာထားဖြင့် အားလုံးကို ဦးညွှတ်နှုတ်ဆက်တတ်လေသည်။

ထူးခြားသည်ကတော့ သူ့ကျောပေါ်တွင် အိတ်တစ်လုံး ပါရှိခြင်းဖြစ်သည်။ ထိုအိတ်သည် မကြီးမားလွန်းသည့်တိုင် မသေးငယ်လှ။ မြို့သူမြို့သားများက သူ့ကို မသိမသာ အကဲခတ်ကြ၏။ ထိုအိတ်ကို ထိုလူစိမ်းဖွင့်လှစ်နေသည်ကိုလည်း မည်သူကမျှ မမြင်ဖူးကြ။ ထိုသို့ဖြင့် ဤမြို့ကလေးသို့ ထိုလူစိမ်း ရောက်လာသည်မှာ ရက်အတန်ပင် ကြာသွားပါလေပြီ။

သူက အားလုံးကို ဖော်ရွေစွာ နှုတ်ဆက်တတ်သော်လည်း မည်သူ





နှင့်မျှ တရင်းတနှီး စကားမဆိုချေ။ သူ့မျက်လုံးများက တစ်စုံတစ်ယောက်ကို ရှာဖွေနေသည်ဟု ထင်ရ၏။ မြို့သူမြို့သားများက ရောက်စမှာ သူ့ကို စိတ်ဝင်စားကြသော်လည်း ကြာလာသည်နှင့်အမျှ ရိုးသွားကြသည်။ အထုပ်တစ်ခု ကျောပိုးထားသော သူ့ကို 'ကျောပေါ်မှာ ဘို့ပါသောလူ' ဟု ရံဖန်ရံခါတွင် နောက်ပြောင်ပြောဆိုကြသည်။ 'ဘို့ပါတာ အကြောင်းမဟုတ်။ ချိုပါရန်သာ လိုသည်' ဟု အချို့ကလည်း ဆို၏။

ထိုသို့ဖြင့် ဤမြို့ကလေးသို့ လူစိမ်း ရောက်ရှိခဲ့သည်မှာ တစ်လတင်းတင်း တိုင်ခဲ့ပါပြီ။ နောက်တစ်လခန့်ကြာလျှင် လယ်ခင်းတွေပင် အရေခွံလဲကြတော့မည်။ အစိမ်းရောင်ပျောက်၍ ရွှေဝါရောင် တောက်ပကြတော့မည်။

သို့သော် ဤကြားထဲမှာ ထူးဆန်းသောဖြစ်ရပ်တစ်ခုသည် လူစိမ်းကို အခြေပြု၍ ဖြစ်ပွားခဲ့ပါ၏။ ဤမြို့ကို ကုန်သည်ကြီးတစ်ယောက် ထပ်မံရောက်ရှိလာစဉ်မှာ ဖြစ်သည်။

*

## ၃။ ကုန်သည်

ကုန်သည်ကြီးကတော့ ဤမြို့ကလေးနှင့် မစိမ်းပါချေ။ ဤမြို့ကလေးသို့ ယခင်နှစ်များကလည်း ဝင်ထွက်သွားလာဖူးသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ သူသည် နိဗ္ဗာန်ကုန်များကို အရောင်းအဝယ်လုပ်သူ ဖြစ်သည်။ သူ၏သွင်ပြင်မှာလည်း လူကြားထဲတွင် ထင်ရှားသည်။

သူ့ရုပ်ရည်က ကြမ်းတမ်းသော်လည်း ခံ့ညားသည်။ သူ့အသံက သြရှသော်လည်း မာန်ပါသည်။ လူ့သက်တမ်းတွင် ပြက္ခဒိန်ခြောက်ဆယ်ကျော်ကို ဖြတ်သန်းခဲ့ရသော်လည်း ယခုတိုင်ကြံ့ခိုင်သည်။ အနေအထိုင်တည်ကြည်သော လူကြီးလူကောင်းတစ်ယောက်အဖြစ် အားလုံးက အသိအမှတ်ပြုထားရသည်။

ဤမြို့ကလေးသို့ ကုန်အရောင်းအဝယ်ကိစ္စတစ်ခုနှင့် ပတ်သက်ပြီး





ရိုးရိုးစင်းစင်း သူ ရောက်လာခြင်းပဲ ဖြစ်သည်။ မြို့လယ်မှ ကျော်ကြားသော စားသောက်ဆိုင်တစ်ဆိုင်တွင် ထမင်းစားပြီး ကုလားထိုင်ပေါ်မှာ ကြာပဒုမ္မာ ဟန်ဖြင့် ထိုင်နေခိုက် ပြဿနာက ဝင်ရောက်လာခြင်းဖြစ်သည်။

ထိုပြဿနာသည် ကျောကုန်းပေါ်မှ ဘို့တစ်လုံးထမ်း၍ လူယောင်ဆောင်ကာ ရောက်လာခြင်း ဖြစ်လေသည်။

*

## ၄။ တွေ့ဆုံခြင်း

လူစိမ်းကလည်း သူ့ဘာသာ ထမင်းစားသောက်ရန် ရောက်လာခြင်းဖြစ်ပါသည်။ စားပွဲမှာ ဝင်ထိုင်ပြီးခါမှ ကုန်သည်ကြီးကို လှမ်းမြင်သည်။ သူ့မျက်လုံးတွေ ရုဝံရောင်ဖြာဝေသွားသည်။ စားပွဲထိုး လာချပေးသည့် ထမင်းဟင်းလျာခွက်များကို လုံးဝ ဂရုမပြုတော့ဘဲ ကုန်သည်ကြီးကို အာသာငမ်းငမ်းတက်ကာ ခြေဆုံးခေါင်းဆုံး ကြည့်နေပါတော့သည်။

လူစိမ်း၏ရူးမူးထန်ရိုင်းသော အကြည့်ကို ကုန်သည်ကြီးကလည်း တစ်ခဏအတွင်းမှာပင် သတိထားလိုက်မိ၏။ သူက ပြန်ကြည့်လိုက်၍ မျက်လုံးချင်းဆုံမိသောအခါ လူစိမ်းက အားရပါးရ ပြုံးရယ်ပြပါသည်။

ထို့နောက် . . .

သူ့ကျောကုန်းပေါ်မှ အိတ်ကြီးကို အောက်ချလိုက်၏။ ဖွင့်၏။





(စားသောက်ဆိုင်အတွင်းရှိ လူအားလုံးက သူ့ကို ဝိုင်းကြည့်နေကြသည်။

အိတ်ထဲမှထွက်လာသော ပစ္စည်းကို ကြည့်ပြီး အားလုံး၏စိတ်ထဲမှာလည်း နဝေတိမ်တောင် ခံစားကြရသည်။)

သူ့အိတ်ထဲမှ ထွက်လာသည်က အလေး၊ ချိန်ခွင်တစ်စုံနှင့် ကြီးမားသောကတ်ကြေးတစ်လက် ဖြစ်သည်။ လူစိမ်းက ကြည်နူးပီတိဖြစ်နေသောအမူအရာဖြင့် ထိုပစ္စည်းများကို လက်ထဲမှာ မိမိရရကိုင်၏။

ထို့နောက် ကုန်သည်ကြီးဆီ တစ်လှမ်းချင်း လျှောက်လာပါတော့သည်။ စားသောက်ဆိုင်အတွင်းမှ လူအားလုံးလည်း တစ်နိုင်တစ်ပိုင် သိချင်မှုကိုယ်စီဖြင့် ပြူးကြောင်စွာ ကြည့်နေမိကြသည်။

*

## ၅။ မိတ်ဆက်

သူ့ဆီလျှောက်လာနေသော လူစိမ်းကို ကုန်သည်ကြီးက မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။ လူစိမ်းက ကုန်သည်ကြီးရှေ့အရောက်တွင် ပြုံးပြုံးပြ၏။ ထိုအပြုံးက သူ့မျက်နှာပေါ်တွင် မသေမရှင် ကုန်းထနေသည်ဟု ကုန်သည်ကြီး ထင်မြင်ခံစားလိုက်ရသည်။

"ရှာလိုက်ရတာဗျာ"

လူစိမ်းက မောဟိုက်သံဖြင့် ပြော၏။

"ခင်ဗျား ကျုပ်ကို သိလို့လား"

လူစိမ်းက တဟင်းဟင်းရယ်၏။

"သိတာပေါ့ဗျာ"

"ဘယ်မှာ သိတာလဲ"





"အင်း... သိတာပေါ့ဗျာ၊ သိပ်သိတာပေါ့၊ ခင်ဗျားကို ကျုပ် ရှာလိုက်ရတာ၊ မြို့တွေ ရွာတွေနဲ့ခဲ့ပြီ၊ အခုမှပဲ တွေ့တော့တယ်"

"ခင်ဗျား လူမှားနေပြီ၊ ပြောပါဦး... ကျုပ်က ဘယ်သူလဲ"

အခုအချိန်အထိ ကုန်သည်ကြီးက တည်ငြိမ်လျက်ပင် ရှိ၏။

"ဟင်း... ခင်ဗျားရဲ့ဥပဓိကို မြင်ကတည်းက ခင်ဗျားဟာ ပေါရိသာဒ ဆိုတာ ကျုပ်သိပါတယ်ဗျာ"

"ဘာ..."

"ဟင်..."

ကုန်သည်ကြီးနှင့်အတူ အားလုံးသောလူများ အံ့ဩသွားလေသည်။ ကုန်သည်ကြီးက စိတ်ကြမ်းဝင်သွား၏။ နှာမှုတ်သံ တရှူးရှူးမြည်လာသလို မျက်လုံးမှာလည်း ဒေါသတွေ ဟုန်းဟုန်းတောက်စားလာ၏။

"ဘာပြောတယ်ကွ"

*

## ၆။ အဖြစ်အပျက်

ကုန်သည်ကြီး၏မျက်လုံးအရောင် တဖျပ်ဖျပ်ခတ်သည်ကို ကြည့်ကာ လူစိမ်းက မဲ့ပြုံးဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၏။

"ကဲ… ခင်ဗျား ဖုံးကွယ်လို့မရတော့ဘူး၊ ခုလို ဒေါသထွက်တော့မှ ခင်ဗျားရဲ့ပေါ့ရိသာရ ရုပ်က ပိုပေါ်လာတယ်"

ကုန်သည်ကြီးက မိုးကြိုးပစ်သလို အော်ချလိုက်၏။

"ဟေ့ကောင်… မင်း ဘာတွေလာပြောနေတာလဲ"

"ကျုပ် ပြောစရာရှိတာတွေကို မကြာခင် ပြောတော့မှာပါ ပေါရိသာရရယ်၊ လူသားမစားသင့်ကြောင်းတရားကို ဟောဖို့အတွက် ခင်ဗျားရှိရာ ကျုပ်အရောက်လာခဲ့တာပဲ၊ ဒီတရားကို ခင်ဗျားလိုလူရှေ့မှာ ဟောဖို့ဆိုတာ အင်မတန် အန္တရာယ်ကြီးမှန်း ကျုပ်သိပါတယ်၊ ဒါပေမဲ့ ကျုပ်





မကြောက်ပါဘူး၊ ရော့… ဟောသည်မှာ ကတ်ကြေး ကြိုက်တဲ့နေရာက အသားကို ညှပ်ပြီး စားနိုင်တယ်၊ လိုချင်သလောက် ချိန်တွယ်စား၊ ခင်ဗျား စားဖို့ ကျုပ်ကိုယ်ကျုပ် လှူရင်းက လူသားမစားဖို့ ကျုပ် ဖျောင်းဖျမယ်၊ ဒီလိုအလုပ်မျိုး လုပ်နိုင်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး"

ဆိုင်အတွင်းရှိလူများလည်း လူစိမ်း၏စကားကြောင့် တုန်လှုပ်သွားသည်။

ကုန်သည်ကြီးက 'သယ်…' ဟု ကြိမ်းဝါးပြီး လူစိမ်းကို တစ်စုံတစ်ခုပြုမိမလို ဖြစ်သွား၏။ ထိုအခါ လူစိမ်းက ကတ်ကြေးကို ကမ်းပေးကာ…

"ရော့… ရော့… ဟောဒီမှာ ကတ်ကြေး၊ ခင်ဗျား ကျုပ်ကို စားချင်လာပြီ မဟုတ်လား၊ ရတယ်… ရတယ်"

ပြောပြောဆိုဆို ကုန်သည်ကြီးရှေ့မှာ ဒူးထောက်ထိုင်ချပေးလိုက်၏။ ကုန်သည်ကြီးက လူစိမ်းကို ကတ်ကြေးကြီးဖြင့် ညှပ်မိမလိုဖြစ်ပြီးမှ…

"တောက်… ငါကွာ"

သူ့ကိုယ်သူ စိတ်ပြန်လျှော့လိုက်၏။ ထိုအခါ လူစိမ်းက ဂုဏ်ယူဟန်ကြေးလိုက်သည်။

"ခင်ဗျား ကျုပ်ကို မစားရဲတော့ဘူး မဟုတ်လား၊ ကျုပ်ရဲ့ပြောင်မြောက်တဲ့လုပ်ရပ်ကြောင့် ခင်ဗျား တွေဝေသွားရပြီ မဟုတ်လား၊ ခင်ဗျားကို ကျုပ် ချွတ်နိုင်တော့မယ်၊ နိပါတ်ထဲမှာ ကျုပ်ကိုပါ ထည့်ရေးရတော့မယ်၊ ဟား… ဟား… ဟား"

လူစိမ်းက မြူးတူးခုန်ပေါက်သွားလေသည်။ သူ့ကို ကြည့်ပြီး ကုန်သည်ကြီးက တလျှမ်းလျှမ်း ဒေါသပြန်ထလာ၏။

## ၇။ အရှိန်အဟုန်

"ကဲ... မထူးပါဘူးကွာ"

ကုန်သည်ကြီးက လူစိမ်းကို ကတ်ကြေးဖြင့် ညှပ်ပစ်ရန် စိတ်ပိုင်းဖြတ်လိုက်၏။ သူ့လက်က ကတ်ကြေးနှင့်အတူ လူစိမ်းဆီ မြောက်တက်သွားသည်။

"အို... စားပါ စားပါ... ညှပ်ပါ"

လူစိမ်းက လည်စင်းပေးပြီး သူ့ကိုယ်သူ ထိုးကျွေး၏။ ထိုအခိုက်အတန့်ကလေးမှာပင် ကုန်သည်ကြီးက စိတ်ကိုပြန်ထိန်းလိုက်ကာ နောက်သို့ တစ်လှမ်းဆုတ်လိုက်သည်။

လူစိမ်းက ရှေ့သို့ တစ်လှမ်းတက်လာတော့သည်။

"စားချင်တယ်ဆိုရင် ကျုပ်ကတော့ ကျွေးမှာပါ ပေါ်ရိသာရကြီး





ရယ်၊ ဒါပေမဲ့ မစားသင့်ဘူးဗျ၊ လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် ညှာတာထောက်ထားရမယ့်သဘောသာ ရှိပါတယ်၊ တစ်ယောက်က တစ်ယောက်ရဲ့အစာဖြစ်နေမယ်ဆိုရင် ကျုပ်တို့ရဲ့ကမ္ဘာလောကကြီးဟာ...... ............ အဲဒါကြောင့်............... ခင်ဗျားအနေနဲ့ လူသား မစားတော့ဘဲ............"

ရှေ့နေတစ်ယောက် ရုံးတော်မှာ လျှောက်လဲချက်ပေးသလို ခြေဟန် လက်ဟန်တွေပါသော လူစိမ်း၏စကားကို နားထောင်ရင်း ကုန်သည်ကြီး သည်းမခံနိုင်လောက်အောင် ဖြစ်လာပြန်သည်။

"ဖြစ်ချင်ရာ ဖြစ်ကွာ"

လက်ထဲမှ ကတ်ကြေးကို မြှောက်လိုက်၏။ လူစိမ်းက ရင်ကို ကော့ပေးလိုက်သည်။

"ရပါတယ်၊ ကျုပ်ရင်ကိုခွဲပြီး အထဲက အသည်းကို ခင်ဗျားထုတ် ထုတ် ထုတ်ထုတ်နဲ့ ကိုက်စား"

သူ့စကားတောင် မဆုံးလိုက်ပါ။ ကုန်သည်ကြီးက အော့ချင် အန်ချင်သလို ဖြစ်သွားသည်။

'ထွီ' ခနဲသာ ဘေးကို တံတွေးထွေးပစ်လိုက်သည်။

ထိုအခါ လူစိမ်းက လူသားမစားသင့်ကြောင်းကို ဖျောင်းဖျပြောဆို ပြန်တော့သည်။

## ၈။ နိဂုံးချုပ်

ထိုလူစိမ်းကိုသော် လည်းကောင်း၊ ထိုကုန်သည်ကြီးကိုသော် လည်းကောင်း အမည်သိရန် မလိုအပ်တော့ပါ။ သူတို့နှစ်ယောက်သည် တစ်ယောက်က မုန့်လုံးဆိုလျှင် တစ်ယောက်က စက္ကူဖြစ်ပါသည်။

ထိုသို့ဖြင့် လူစိမ်းက ကုန်သည်ကြီးကို လူသား မစားသင့်ကြောင်း ပြောလိုက်၊ ကုန်သည်ကြီးက ဒေါသပြင်းစွာထွက်ပြီး ကတ်ကြေးဖြင့် ညှပ်မည်ပြုလိုက်၊ လူစိမ်းက လည်စင်းပေးပြီး ‘စားပါ… စားပါ’ ဆိုသောအခါ စိတ်ပြန်ထိန်းချုပ်လိုက်၊ ထိုအခါမှ လူစိမ်းက လူသားမစားသင့်ကြောင်း ဖျောင်းဖျလိုက်၊ ကုန်သည်ကြီးက ဒေါသပြန်ထွက်လာလိုက်၊ ညှပ်မည်ပြုကာ ကတ်ကြေးဖြင့်ရွယ်သော် လူစိမ်းက သူ့ကိုယ်သူ ထိုးကျွေးလိုက်နှင့် ချာလပတ်လည်ကာ ရှင်းမရအောင်ကို ရှုပ်နေပါတော့သည်။





ထိုသို့ဖြင့် မုန့်လုံးနှင့် စက္ကူ ကပ်နေပါတော့သည်။

“ဟော့ ဟော့… အဲ… အို… ဟာ”

လူအပေါင်းကလည်း သူတို့ကို နံဘေးမှ ဝိုင်းအုံကြည့်နေကြသည်။ သူတို့ကိစ္စကို ဝင်ဖြေရှင်းပေးရန်လည်း ကြိုးစားကြ၏။ သို့သော် မည်သူကမှ မည်သို့မျှ ဝင်ပြော၍ မရချေ။ ဤသို့ဖြင့် စားသောက်ဆိုင်ထဲမှာ တဝုန်းဝုန်းနှင့် ညံစာနေပါတော့သည်။

(လောကတစ်ခုနှင့် လူပေါင်းများစွာသို့…)

❒

# ပိတောက်ပင်ကို အိပ်မက်မက်တဲ့ ကောင်လေး

လင်းရှုပြာရီသော မီးတောက်မီးလျှံများက ပင်လယ်လှိုင်း...

တွေလို ကုန်းရုန်းထကာ သူ့ကို ဒေါမာန်ဟုန်းဟုန်းဖြင့် ခိုက်ပြေး...

သည်။

မီးမှော်ဆရာတ် ခေါ်တာပစ်ကျွေးခံရရာမှ လူးလ...

သားကောင်ပမာ သူ့ကိုယ်ပေါ်မှာ မီးခိုးမှိုင်းမျှင်များက ...

နောက်သို့ တစ်လှမ်းချင်းဖြန့်ဆုတ်နေရင်း...

သည်။ လှုမိုက်ဆန်စွာ တိုးဝင်ပစ်ရဲသော်လည်း...

ခြေကုပ်မမြဲတော့။ အလဲလဲအပြိုပြို။ ဆံပင်...

သူ့သက်ပြင်းက မီးတောက်လက်တံကို ...

ထို့ကြောင့်...

(၁)

လင်းရှုပြာရီသော မီးတောက်မီးလျှံများက ပင်လယ်လှိုင်းလုံးကြီးတွေလို ကုန်းရုန်းထကာ သူ့ကို ဒေါမာန်ဟုန်းဟုန်းဖြင့် စိုက်ကြည့်နေကြသည်။

မီးမှော်ဆရာထံ ခေါ်စာပစ်ကျွေးခံရရာမှ လူးထပြန်ပြေးခဲ့ရသော သားကောင်ပမာ သူ့ကိုယ်ပေါ်မှာ မီးခိုးမှိုင်းမျှင်များက ရစ်ခွေလိမ်ပတ်လျက်။

နောက်သို့ တစ်လှမ်းချင်းပြန်ဆုတ်နေရင်းက ကြေကွဲစွာပြုံးဖြစ်သည်။ လူမိုက်ဆန်စွာ တိုးဝင်ပစ်ရဲသော်လည်း လူသားဆန်စွာပင် သူခြေကုပ်မမြဲတော့။ အလဲလဲအပြိုပြို။ ဆံပင်တွေကို သပ်တင်လိုက်၏။ သူ့သက်ပြင်းက မီးတောက်လက်တံကို ပို၍လင်းသွားစေသည်။

ထို့ကြောင့် …

သူ နောက်သို့ တစ်လှမ်းချင်းဆုတ်နေဆဲ။ အိပ်မက်၊ မျှော်လင့်ချက်၊ ရွှေရောင်အနာဂတ်လမ်းကလေး… အားလုံးကို သူ စတေးခဲ့ရသည်။

“…………”

ထိုသို့ဖြင့် လာရာလမ်းကိုပဲ သူ လှည့်ပြန်ခဲ့သည်။

*





(၂)

ယယ်ငယ်ကလိုပင် လမ်းပေါ်မှ ကျောက်ဆောင်ကျောက်ခဲများကို မိုးကောင်းကင်ဆီ တုပနိုင်သည့်မြေပြင်၏ မာကျောသောတိမ်ပွင့်တိမ်စများဟု သူ ထင်မြင်မိနေဆဲပဲဖြစ်၏။ အိမ်အပြန်လမ်းကို ခေါင်းငုံ့၍လျှောက်လှမ်းလာခိုက် လမ်းဘေးတစ်နေရာမှာ ညီညီကို ဆုံတွေ့လိုက်ရခြင်း ဖြစ်လေသည်။

ညီညီက အသက်နှစ်ဆယ်ရှိနေပြီ။ ကြမ်းလွှာသော အညိုရောင်ဝတ်စုံကို ဝတ်ဆင်လျက် လက်ထဲမှာ စာအုပ်တစ်အုပ်ကို ကိုင်ထားရင်း သူ့ကို ပြုံးရယ်ပြလေသည်။

“ကျွန်တော် စာဖတ်နေတာ”

“အင်း… ကောင်းတယ်”

"ဒီစာအုပ်ကို ဖတ်ဖူးလား"

ညီညီထောင်ပြသောစာအုပ်ကို တစ်ချက်လှမ်းကြည့်ရင်း သူ ခေါင်းညိတ်ပြလိုက်သည်။

မာတင်ဘုရှ်တည်းဖြတ်သော မြောက်အမေရိကန် ကဗျာစာအုပ်တစ်အုပ်ဖြစ်၏။ သူ ခေါင်းညိတ်ပြသည်ကို မြင်သောအခါ ညီညီက ပို၍လင်းမြပြုံးရယ်လာပြီး…

"အဲဒါဆို ကျွန်တော် ဆွေးနွေးချင်တာလေး နည်းနည်းရှိတယ်ဗျာ"

"ဘာလဲ"

"ဒီစာအုပ်ထဲမှာ နိမိတ်ပုံနဲ့ သင်္ကေတကို ခွဲပြထားတယ်"

"အင်း"

"ဥပမာ… ယေရှုခရစ်ကို နိမိတ်ပုံနဲ့ ပြရေးရင် ဂျုံခင်းတွေကို ယူလာတဲ့ ဝတ်ရုံဖြူနဲ့ လူလို့ ရေးတာမျိုး"

"အင်း"

"ဒါပေမဲ့ ယေရှုခရစ်ကိုပဲ သင်္ကေတနဲ့ပြတော့ လက်ဝါးကပ်တိုင် ပြလိုက်တယ်"

ညီညီ့မျက်လုံးများက စိတ်ဝင်စားမှုတို့ဖြင့် အရောင်လက်ဖြာနေသည်။

"အဲဒီမှာ ကျွန်တော်တွေးမိတာလေး တစ်ချက်ရှိလာတယ်၊ ဒီလိုလေ…"

သို့သော်…

ညီညီ့စကားကို ဆုံးအောင် သူ နားမထောင်လိုက်ရပါ။ လေကြမ်းတို့ လွင့်ဖြူးတိုးဝှေ့လာ၏။ အစိမ်းရွက်တွေ ဖျတ်ဖျတ်လူးခါနေသော





ပိတောက်ပင်ကြီးတစ်ပင်ကို မြင်ယောင်လွမ်းဆွတ်လိုက်မိ၏။ တိုးသဲ့သော်လည်း တုန်ခါကျစ်လျစ်နေသည့် ရထားဥသြသံကို ကြားလိုက်ပြန်သည်။

ညီညီ့ကိုထား ခဲ့ကာ သူ ဆက်လက်ထွက်ခွာလာခဲ့၏။

*

(၃)

လေထဲမှာ တစ်စုံတစ်ရာက ဆိုးဆွတ်ပါဝင်နေသည်လား။ သူ့မှာ အသက်ရှူရတာပင် ပူအိုက်လာသည်။ တစ်ကိုယ်လုံးကို ဖြည်းဖြည်းချင်း လျှော့ချလိုက်၏။

အမြင်ကိုကြည်လင်အောင် ကြည့်သည်။ ထိုစဉ်မှာပင် လှေကားထစ် တစ်ခုပေါ်မှာ ထိုင်နေသော ညီညီ့ကို သူ တွေ့လိုက်ရသည်။

ညီညီက အသက်ဆယ့်သုံးနှစ်ရှိနေပြီ။ အပြာရောင်အဝတ်အစားတို့ ကို မသေမသပ်ဝတ်ဆင်ထားပြီး အဝေးသို့ ငေးကြည့်နေသည်။

သူက ရှေ့မှာသွားရပ်လိုက်တော့မှ ညီညီက မြင်သည်။ သူ့ကို ပြုံး လွင်စွာစကားဆိုရန် ညီညီ့နှုတ်ခမ်းတို့အဟမှာပဲ သူက ဦးအောင်ပြော လိုက်၏။





"ဘာတွေစဉ်းစားနေတာလဲ"

ညီညီက ချက်ချင်းပြန်မဖြေသေးဘဲ ဖုန်အလူးလူးပေကျံနေသော သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်၏။ ထို့နောက်မှ...

"မနေ့က ကျွန်တော်ကြားလိုက်ရတဲ့ စကားပုံတစ်ခုရှိတယ်၊ အတွေ့ အကြုံဟာ သိပ်ကောင်းတဲ့ကျောင်းတော်ပဲတဲ့၊ အဲဒါ ဟုတ်လားဟင်"

သူ ပြန်မဖြေဖြစ်သေး။ ညီညီက သူ့မျက်နှာကို ငွေးငွေးထွေးထွေး ငေးကြည့်နေ၏။ သူက သက်ပြင်းတစ်ချက်ကို ငုံ့ဖွက်ကာချလိုက်ရင်း...

"ဟုတ်တယ်"

ညီညီ သဘောကျသွားပုံရသည်။ သူက တစ်ဆက်တည်း ထပ်ပြော လိုက်၏။

"ဒါပေမဲ့ စကားပုံမဟုတ်ဘူး၊ လူတစ်ယောက်ပြောသွားတဲ့ စကားပဲ၊ စကားက ဒီလောက်နဲ့လဲ မပြည့်စုံသေးဘူး၊ နောက်မှ ကျန်သေးတယ်"

"ဟင်... ဘာကျန်သေးတာလဲ"

သူက အဓိပ္ပာယ်ခန့်မှန်းရခက်သည့် အပြုံးတစ်ချက်ကို ပြုံးလိုက် မိရင်း...

"အတွေ့အကြုံဟာ သိပ်ကောင်းတဲ့ကျောင်းတော်ပဲ၊ ဒါပေမဲ့ သင်တန်း ကြေးက ကြီးလွန်းတယ်တဲ့"

"..............."

ညီညီက ဘာမှပြန်မပြောတော့ဘဲ တွေငိုင်သွားသည်။ ထိုအချိန် မှာပင် လေစီးထဲမှာ လွင့်လျားမျောပါလာသည့် ပိတောက်ရနံ့ သန့်ခ သူ ရှူရှိုက်လိုက်ရသည်။ လူများ၊ ခွေးလေခွေးလွင့်များ၊ လမ်းလျှောက်နေ သောခြေထောက်များ၊ မော်တော်ကားများ၊ ရပ်ကျန်ခဲ့သော စည်းရိုးမှတ်တိုင်

များ၊ ဆူညံသော အသံဗလံများနှင့် အတူ သူနှင့်ညီညီ လူချင်းကွဲသွားလေသည်။





(၄)

သစ်ကိုင်းသစ်ရိုင်းကလေးများ ယိုင်ကျဲပေါက်ရောက်နေရာ လမ်းကလေးထဲသို့ သူလျှောက်သွားသောအခါ ပုစဉ်းရင်ကွဲတစ်ကောင်က အချိန်အခါမဟုတ် စူးစူးဝါးဝါး ထအော်၏။

လမ်းကလေးသည် တိတ်ဆိတ်၏။ ပိတောက်ရွက်ကြွေတို့က လမ်းနံဘေးတစ်လျှောက်မှာ ပါးပါးလျလျ ဝပ်စင်းနေကြသည်။ လမ်းကလေးအဆုံး၌ အဖြူရောင်ရှပ်အင်္ကျီကလေးနှင့် ရှင်းသန့်စင်ကြယ်နေသောညီညီကို တစ်ကိုယ်တည်း ဆော့ကစားလျက် တွေ့ရ၏။

ညီညီက မြေပေါ်မှာ စက်ဝိုင်းလေးတစ်ခုကို တုတ်နှင့် ရေးဆွဲနေရာမှ သူ့ကိုမော့ကြည့်၏။ သူက ပြုံးရယ်ပြရင်း ငုံ့ကိုင်းနှုတ်ဆက်လိုက်၏။

“ညီညီ ကစားနေတာလား”

ညီညီက ခြောက်နှစ်သားရှိပြီဖြစ်၏။ ကျောင်းမှာ စာသင်ခါစ အရွယ်ပင် ရှိဦးမည်။ သူ့ကို မျက်တောင်များ တဖျပ်ဖျပ်ပုတ်ခတ်ကာ မော့ကြည့်ရင်း...

"စာဖတ်တတ်လားဟင်"

သူက ခေါင်းမညိတ် ခေါင်းမခါ။

"ကျောင်းတော့ နေဖူးပါတယ်"

"ဘယ်နှစ်တန်းရောက်ပြီလဲ"

သူ ရယ်မောလိုက်မိ၏။ သူ့ရယ်သံက အတန်ငယ် ရှည်လျားသွားသဖြင့် ညီညီက ဆုံးအောင်မစောင့်နိုင်ဘဲ ထပ်မေးသည်။

"ဘယ်နှစ်တန်းရောက်ပြီလဲဟင်၊ ဟိုး... ဆယ့်လေးငါးတန်းအထိလား"

"အင်း... ဟုတ်တယ်"

ညီညီက လက်ညှိုးကလေးထောင်ပြီး ဆက်မေးသည်။

"ဘွဲ့ကြီးရလား"

"ဘွဲ့တော့ မရလိုက်ပါဘူးကွာ ဘာဖြစ်လို့လဲ၊ ညီညီ ဘာပြောချင်လို့လဲ"

သူက ထိုသို့စကားထောက်လိုက်မှ ညီညီက သူ့မူလကိစ္စကို ပြန်သတိရသွားသလို...

"ဒီမှာကြည့်"

"အမေ..."

"ဟော့... သား"

အမေ့အသံက နောက်ခန်းထဲမှ ထွက်လာခြင်း ဖြစ်၏။ သူ့ကြောင့်





အမေအလုပ်ရှုပ်သွားပြီး ပျော်လည်း ပျော်နေသည်။

"သားငယ်... ဘာတုန်း"

"သားတို့ပိတောက်ပင်ကြီး ပွင့်ပြီလား"

"ဟဲ့... ဘယ်ပွင့်ဦးမလဲ သားရဲ့၊ ဒါပေမဲ့ အဖူးတွေကတော့ ဝေလို့ပဲ သားရေ၊ ပွင့်တာကတော့ ပွင့်တော့မယ်၊ နှစ်လ မကူးသေးဘူး သား၊ သင်္ကြန်အမီ ပြန်ရောက်လာတာ အတော်ပဲ၊ နှစ်သစ်ကျရင် အမေနဲ့ သားနဲ့ ..........................................................................."

အမေ ဆက်ပြောနေသည်များကို သူမကြားတော့ပေ။ အိမ်ရှေ့ ကွပ်ပျစ်မှာ လဲလျောင်းရင်း မျက်လုံးအစုံကို မှိတ်လိုက်၏။ ကြေကွဲခဲ့ရသည်တို့လည်း ပြယ်လွင့်မှုန်ဝါးနာကျင်ခဲ့ရသည်များကို မေ့လျော့သွားသည်။

ထို့နောက် ငြိမ်းချမ်းနှစ်ခြိုက်စွာ သူ အိပ်ပျော်သွား၏။ သူ့အိပ်မက်ထဲမှာ ပိတောက်တွေ တစ်ပင်လုံးဝေအောင် ပွင့်နေလေသည်။

❐

ညီညီက ဆက်ညှိုးကလေး‌ဝေ‌ဝေပြီး ဆက်မေးသည်။

"ဘွဲ့ကြီးရလား"

"ဘွဲ့တော့ မရလိုက်ပါဘူးကွာ ဘာဖြစ်လို့လဲ၊ ညီညီ ဘာပြောချင်လို့လဲ"

သူက ထိုသို့စကားထောက်လိုက်မှ ညီညီက သူ့မှလက်စွက်ကို ပြန်သတိရသွားသလို...

"ဒီမှာကြည့်"

"အမေ..."

"ဟော... သား"

အမေ့အသံက နောက်ခန်းထဲမှ ထွက်လာခြင်း ဖြစ်၏။ သူ့ကြောင့်



# ကျွန်တော်နှင့် အရုပ်ကလေး

ပတ္တလား ... ဓါတ်မီးများသည် မြူဝတ်နှင်းမှိုးတွေ ဆုံမှိုင်းလျက်။ ပွဲတော်၏ ဆောင့်ချိုးတာ... ကျွန်တော် ရပ်နေပါသည်။ ဈေးဆိုင်သည့် အရုပ်ကလေးများရောင်း... ဆိုင် ဖြစ်ပါသည်။ ဆိုင်ရှင်များက 'လာဝါ ယူပါ' ဟု ... သူတို့ဖာသာ ထိုင်နေကြပါသည်။ ကျွန်တော့်မှာ လာမိသော်လည်း ... မိပါ။ ကျွန်တော့်ဖာသာ ငေးကြည့်နေမိပါသည်။ ကျွန်တော် ငေးကြည့် မိသောအရုပ်မှာ ယမင်းရုပ်ကလေး ဖြစ်ပါသည်။ လှခေါ်တည်း ... နေပါ။ မကဲ့သော်လည်း လှနေပါသည်။ ထိုအရုပ်ကလေးကို ကျွန်တော် ... လာခဲ့ရောက် ငေးကြည့်နေမိတာ ခုံးညှ ရှိခဲ့ပါပြီ။ ဆိုင်ရှင်များသည်... ကျွန်တော့်ကို မှတ်မိနေကြပါသည်။ သို့သော်လည်း ... အရုပ်များကို ကလေးတစ်ယောက်က လာရောက်ခဲ ...

ပတ္တလားသံသဲ့သဲ့ ကြားနေရသည်။ ပွဲတော်၏ ခေါင်မိုးမှာလည်း မြူဝတ်နှင်းမိုးတွေ အုံမှိုင်းလျက်။ ပွဲတော်၏ ထောင့်ချိုးတစ်နေရာမှာ ကျွန်တော် ရပ်နေပါသည်။ ဈေးဆိုင်သည် အရုပ်ကလေးများရောင်းသော ဆိုင် ဖြစ်ပါသည်။ ဆိုင်ရှင်များက ‘လာပါ ယူပါ’ဟု မအော်ကြပါ။ သူတို့ဖာသာ ထိုင်နေကြပါသည်။ ကျွန်တော့်မှာ လာမိသော်လည်း မယူမိပါ။ ကျွန်တော့်ဖာသာ ငေးကြည့်နေမိပါသည်။ ကျွန်တော် ငေးကြည့်မိသောအရုပ်မှာ ယမင်းရုပ်ကလေး ဖြစ်ပါသည်။ လှသော်လည်း က,မနေပါ။ မက,သော်လည်း လှနေပါသည်။ ထိုအရုပ်ကလေးကို ကျွန်တော် လာရောက် ငေးကြည့်နေမိတာ သုံးည ရှိခဲ့ပါပြီ။ ဆိုင်ရှင်များကလည်း ကျွန်တော့်ကို မှတ်မိနေကြပါသည်။ သို့သော်လည်း သူတို့ရောင်းသော အရုပ်များကို ကလေးတစ်ယောက်က လာရောက်ငေးနေခြင်းသည် အဆန်း

မဟုတ်နိုင်ပါ။ သူတို့ဖာသာ ထိုင်နေကြပါသည်။ ပွဲသွားပွဲလာများက ကျွန်တော့်ကို ကွေ့ရှောင်သွားကြပါသည်။ အရုပ်ကို ကျွန်တော်ကြည့်နေကြောင်း သူတို့ သိကြလိမ့်မည်။ သို့သော် 'ယမင်းရုပ်'လေးတစ်ရုပ်ကို ကျွန်တော် ငေးကြည့်နေခြင်း ဖြစ်ကြောင်းကိုတော့ သူတို့ သိကြလိမ့်မည် မဟုတ်ပါ။ ဆိုင်ရှင်များလည်း မသိကြပါ။ ယမင်းရုပ်ကလေး သိ မသိ ကိုတော့ မတွေးတတ်။ ကျွန်တော် မသိပါ။ ပတ္တလားသံသဲ့သဲ့ ကြားနေရ၏။ ပတ္တလားရွက်ပေါ် လက်ခတ်ကျသံ တလက်လက်သည် ကျွန်တော့် ဘဝထဲသို့ တစ်စက်ချင်း စိမ့်ယို ပေါက်ကျခဲ့သည်။ နှင်းမြူများနှင့် ပတ္တလားသံ ပေလူးနေသော ညသည် လှပ ဝိုးရီနေသည်။ အရုပ်ကလေးကို ကျွန်တော် ငေးကြည့်နေမိခဲ့။ ဆိုင်ရှင်များက ကျွန်တော့်ကို လိုချင်သလား ဟု မမေးကြပါ။ ကျွန်တော် လိုချင်ပါသည်။ ဆိုင်ရှင်များက 'လိုချင်လျှင် ပိုက်ဆံစု' ဟု မပြောသော်လည်း ပြောပါသည်။ ကျွန်တော် မစုပါ။ ထိုသို့ဖြင့် ပွဲတော်၏ နောက်ဆုံးညမှာ အရုပ်ကလေး မရှိတော့ပါ။ ဆိုင်ရှင်များကို ကျွန်တော် ဘာမှမမေးပါ။ ဆိုင်ရှင်များကလည်း ဘာမှမပြောပါ။ သူတို့ဖာသာ ထိုင်နေကြပါသည်။ ကျွန်တော် လှည့်ပြန်လာခဲ့ပါသည်။ ဘကြီးအောင် ညာခြင်းမဟုတ်ပါ။ ဘကြီးအောင်ကိုလည်း မသိပါ။ အရုပ်ကလေးကိုပဲ ကျွန်တော် သိပါသည်။ ယခု သူမရှိတော့ပါ။ ကျွန်တော် လှည့်ပြန်လာခဲ့ပါသည်။ ပွဲတော်သည် အပျော်ကို ဖျာလက်မှတ်နှင့် ရောင်းစားရင်း ကျန်ရစ်၏။ ကျွန်တော် အိမ်ပြန်ရောက်သွားပါသည်။ အရုပ်ကလေး ဘယ်ရောက်သွားမှန်း ကျွန်တော် မသိပါ။ အမေက 'အိပ် .... အိပ်' ဟု ပြော၏။ ကျွန်တော် အိပ်လိုက်ပါသည်။ အိပ်မက်ထဲတွင် အရုပ်ကလေးပါ ပါလိမ့်မည်။ သို့သော် ကျွန်တော် အိပ်မက် မမက်ခဲ့ပါ။





အမေက 'အိပ် .... အိပ်' ဟု ပြော၍ ကျွန်တော်က အိပ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

သူငယ်ချင်းတစ်ယောက်ကိုတော့ ပြောပြမိပါသည်။ သူငယ်ချင်းက မရယ်ပါ။ ငိုလည်း မငိုပါ။ သူ့လက်ထဲမှ ဝါးသေနတ်ဖြင့် ကျွန်တော့်ကို တဒက်ဒက် ဆွဲမွှေ့ပစ်ခတ်ရင်း 'မင်း .... သေသွားပြီ' ဟု ပြောပါသည်။ ကျွန်တော် သေသွားပါသည်။ သို့သော် အရုပ်ကလေး မသေပါ။ သူငယ်ချင်းကို ကျွန်တော် ပြောပြမိပါသည်။ သူငယ်ချင်းက 'မင်းက ကြိုးနဲ့မှ ချည်မထားဘဲ' ဟု ပြောပါသည်။ ကြိုးချည်တတ်အောင် ကျွန်တော် ကြိုးစားရပါတော့၏။ တစ်စစနှင့် ကျွန်တော် ကြီးပြင်းလာပါသည်။ ကျွန်တော်တက်သော ကျောင်းတွင် ဆရာ့လက်ဖြင့် တီးခတ်သည့် ချိုလွင်သာယာသော ခေါင်းလောင်းတို့ မရှိတော့ပါ။ ကွန်ကရစ်နံရံတွင် ဝပ်၍ နေရာယူထားသော လျှပ်စစ်ခေါင်းလောင်းများသာ ရှိပါတော့သည်။ ကျွန်တော် ကြိုးချည်တတ်ပြီ ဖြစ်၏။ ထို့ကြောင့် ကျွန်တော့်မှာ အပေါင်းအသင်း များလာပါသည်။ ကျွန်တော် သူတို့နှင့် ပွဲတော်ကို မသွားပါ။ ပွဲတော်က တစ်ယောက်တည်း ကျွန်တော့်ဆီ လာပါသည်။ ကျွန်တော့် အပေါင်းအသင်းများသည် လူများ ဖြစ်ကြပါသည်။ ကျွန်တော့် အရုပ်ကလေးကတော့ အရုပ်ကလေးပဲ ဖြစ်၏။ ကျွန်တော့် အပေါင်းအသင်းများနှင့် ကျွန်တော်သည် လူချင်းတူသောကြောင့် လူချင်းမတူကြပါ။ သံတူကြောင်းကွဲလူများ ဖြစ်ကြပါသည်။ ကျွန်တော်နှင့် အရုပ်ကလေးသည် အသံမတူသဖြင့် အကြောင်းမကွဲပါ။ ကျွန်တော်သည် ကျွန်တော်ဖြစ်၍ အရုပ်ကလေးသည် အရုပ်ကလေးဖြစ်ပြီး တူကား တူကြပါသည်။ အရုပ်ကလေးက ကျွန်တော့်ကို နားလည်ပါလိမ့်မည်။ ဆရာကြီးက

ကျွန်တော့်ကို နားမလည်ပါ။ ကွန်ကရစ်နံရံမှ လျှပ်စစ်ခေါင်းလောင်းသည် ထွက်ရန်ကို တဂီးဂီး အော်၏။ ဆရာကြီးက ကြိမ်လုံးကို ကြာပွတ်သံထွက်အောင် ဖော့ရမ်း၏။ လျှပ်စစ်ခေါင်းလောင်းသည် မမြင်ရသော ကြိုးများကို ဖန်တီးပါသည်။ ထိုကြိုးများသည် ချည်နှောင်သည်ထက် ချည်နှောင်ကြ၏။ ကျွန်တော်နှင့် အပေါင်းအသင်းအားလုံးသည် လူများဖြစ်ကြပါသည်။ သို့သော် စီးသောဖိနပ်ချင်း မတူပါ။ ဝတ်သော ယဉ်ကျေးမှုခြင်း မတူပါ။ ကျွန်တော့်ကို ကျွန်တော်က နားလည်ပါသည်။ ကျွန်တော့်ကို သူတို့က နားမလည်ကြ။ အချိန်သည် မမြင်ရသောကြိုးဖြင့် ကျွန်တော်တို့ကို လိုက်ချည်ပါသည်။ သူ၏ လက်ချောင်းများဖြင့် လျှပ်စစ်ခေါင်းလောင်းကို တဂီးဂီး တွန်ကြူးအော်ဟစ်စေ၏။ ဆရာကြီးက ကြိမ်လုံးကို ကြာပွတ်သံထွက်အောင် ဖော့ရမ်းနေသည်။ လောကကြီးပေါ် တက်ရပ်ရန် ကျွန်တော့်ကို ခုံနံပါတ်တောင်း၏။ ကျွန်တော်က ချည်ရန်ထက် ဖြည်ရန် ခက်သော ကြိုးများအကြောင်း ပြောပြလိုက်ပါသည်။ ကြာပွတ်သံသည် တဂီးဂီးနှင့် လှည့်ပတ်ပျံသန်း၏။ ကျွန်တော် သူတို့ကို သတိမရတော့ပါ။ ကျွန်တော်က အရုပ်ကလေးကို သတိရပါသည်။ ကျွန်တော် ပွဲတော်ကို မသွားပါ။ ထို့ကြောင့် အိမ်ပြန်ရောက်ပါသည်။ အမေက 'အိပ်... အိပ်' ဟု မပြောတော့ပါ။ သို့သော် ကျွန်တော် အိပ်လိုက်ပါသည်။ 'အိပ်နေသူ ငါးမမိဘူးကွ' ဟု ကြာပွတ်တစ်ချောင်းက လှမ်းပြောပါသည်။ ကျွန်တော်မိထားသော ပင်လယ်တစ်စင်းအကြောင်း ပြန်မပြောလိုက်ပါ။ ကျွန်တော့်ကို ကျွန်တော်က 'အိပ် .... အိပ်' ဟု ပြောလိုက်ပါသည်။ ကျွန်တော် အိပ်ပျော်သွားပါသည်။ ကျွန်တော့်အိပ်မက်ထဲတွင် အရုပ်ကလေး ပါ ပါလိမ့်မည်။ သို့သော် ကျွန်တော် အိပ်မက် မမက်ခဲ့ပါ။





ကျွန်တော် ကျောင်းတက်စရာ မလိုတော့ပါ။ ထို့ကြောင့် ကျွန်တော် ခုံပေါ်တက်ပြီး မတ်တတ်ရပ်၏။ လူပေါင်းများစွာနှင့် ကျွန်တော် ထပ်တွေ့ရပါသည်။ အားလုံးသည် သံတူကြောင်းကွဲ လူများပဲ ဖြစ်ကြ၏။ နှာခေါင်းများစွာနှင့် အသက်ရှူနေသူ တစ်ယောက်ကိုလည်း တွေ့ဖူးသေး၏။ မပင်ပန်းသော်လည်း ဆင်းရဲလှ၏။ (သို့မဟုတ်) မဆင်းရဲသော်လည်း ပင်ပန်းလှပါ၏။ သူနှင့် ကျွန်တော်သည် သံတူကြောင်းကွဲလူပဲဖြစ်၏။ အချိန်သည် သူ၏ လက်ချောင်းဖြင့် ဝီစီကို ရှိုးခနဲ ဘီးပေါက်သွားစေသည်။ ဘောလုံးပွဲ ပြီး၏။ ကျွန်တော်ရသည့် (ကန်မသွင်းခဲ့သော) ပယ်နယ်တီလ် ဘောလုံးများကို သတိရမိ၏။ ကျွန်တော်သည် သူတို့နှင့် သံတူကြောင်းကွဲ လူပဲ ဖြစ်သည်။ ထို့ကြောင့် ခုံပေါ်တက်ပြီး မတ်တတ်ရပ်လိုက်ပါသည်။ ကျွန်တော် အိမ်ပြန်သည်။ ထို့ကြောင့် ပွဲတော်ကို ရောက်သွား၏။ ပွဲတော်သည် လော်စပီကာကို ထမ်းထားရင်း ခါးနာနေသည်။ ပွဲသွားပွဲလာများက ကျွန်တော့်ကို ကွေ့ရှောင်သွားကြပါသည်။ ကျွန်တော်က ရပ်နေသူ မဟုတ်တော့။ ထို့ကြောင့် ကျွန်တော်ကလည်း သူတို့ကို ကွေ့ရှောင်သွားရပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော် ပွဲတော်ကို တစ်ခေါက် ပြန်ရောက်လာပါပြီ။ မည်သူမျှ မသိပါ။ အရုပ်ကလေးသိ မသိကိုလည်း မတွေးတတ်။ ကျွန်တော် မသိပါ။ ပတ္တလားသံသဲ့သဲ့ကြားနေရ၏။ ပတ္တလားရွက်ပေါ် လက်ခတ်ကျသံ တလက်လက်သည် ကျွန်တော့်ဘဝထဲသို့ တစ်စက်ချင်း စိမ့်ယို ပေါက်ကျလာပြန်သည်။ ပတ္တလားသံသဲ့သဲ့ ကြားနေရ၏။ ယဉ်ကျေးမှုတက္ကသိုလ်၏ ခေါင်မိုးမှာလည်း မြူဝတ်နှင်းခိုးတွေ အုံ့မှိုင်းလာသလိုပင်။ ကျောင်းတော်၏ ထောင့်ချိုး တစ်နေရာမှာ ကျွန်တော် ရပ်နေပါသည်။ ကျွန်တော် ငေးကြည့်မိ

သော အရုပ်မှာ ယမင်းရုပ် ဖြစ်ပါသည်။ ကျွန်တော်၏ ပျောက်ဆုံးခဲ့သော အရုပ်ကလေး ဖြစ်ပါသည်။ ကျွန်တော်က ငေးကြည့်နေမိပါသည်။ မိမိုးဟု စိတ်ထဲမှ လှမ်းခေါ်မိသည်။ သူ့နာမည်နှင့် မတူ၍ သူမကြား။ သူက ပန်းချီဆွဲနေပါသည်။ ကျွန်တော်က ငေးကြည့်နေမိပါသည်။ ယဉ်ကျေးမှုတက္ကသိုလ်သည် မြူနှင်းတို့ လူးပေကာ လုပ ဝိုးရီနေဆဲ။ ကြိုးတို့သည် ချည်ရန်ထက် ဖြေရန် ခက်ကြ၏။ မမြင်ရသော ကြိုးကလေးတစ်ချောင်းက ကျွန်တော့်ကို ချည်နှောင် တုတ်ခတ်လိုက်ပါပြီ။ 'အိပ်…. အိပ်' ဟူသော အသံကို ကြားရ၏။ ဘယ်ညာ လူးလိမ့်ရင်း ကျွန်တော်အိပ်မပျော်ပါ။ ကြာပွတ်သံ၊ အချက်ပေး ခေါင်းလောင်းသံများနှင့်အတူ ပတ္တလားသံသဲ့သဲ့ကို ရောယှက် ချိုမြစွာ ကြားနေရဆဲ။ ကျွန်တော် ငေးကြည့်နေမိခဲ့။ ကျွန်တော် ခုံပေါ်တက်၍ မတ်တတ်ရပ်နေရဦးမည်လား။ ကျွန်တော်…။

□





# ကျွန်တော်နှင့် ဆောင်းလွန်ရာသီ

ထိုစဉ် အချိန်က ဆောင်းရာသီသည် ညှိုးငယ်နေသည်။ ကိမ်းလျှ နှင်းတွေ ဆိုင်းလျက် ရက်စက်သော အအေးဒဏ်ကို ပစ်ကြဲရှာသည်။

မေမေနှင့် ကျွန်တော်က မီးလင်းဖိုနံဘေးမှာ ပုံပြင်တွေနှင့် မြိုကျ မနေပါ။ မြို့ပြ၏ လူသားရနံ့ကို ခါထုတ်ရင်း မြို့ပြင်ဟင်းလင်းဆီ ရောက်နေသည်။

"မေမေ သူက ဘာလဲ"

ကျွန်တော် ညွှန်ပြသော ကျောက်ရုပ်သည် ဘယ်ဘက်ရင်ခုံ ပွင့်ပေါက်ပြီး ရပ်ဆိုင်းနေသော ကျောက်ရုပ်တစ်ရုပ် ဖြစ်သည်။ ပေရှေ့ရက်နှာ နားလည်ရခက်သော အပြုံးတစ်မျိုးက ရစ်ဆွဲလှလျက်လာသည်။

မေမေက ပြော၏။ မြို့ပြ ဝေါဟာရများအတိုင်း "

[illegible] ထောင်ရှစ် ဖြစ်ပါသည်။ ကျွန်တော်၏ ပျောက်ဆုံးခဲ့ [illegible] ဖြစ်ပါသည်။ ကျွန်တော်က ငေးကြည့်နေမိပါသည်။ [illegible] လှမ်းခေါ်မိသည်။ သူ့နာမည်နှင့် မတူ၍ သူမကြား။ [illegible] ရှိခဲ့နေပါသည်။ ကျွန်တော်က ငေးကြည့်နေမိပါသည်။ [illegible] မြူနှင်းတို့ လူးလောကာ လှုပ် ဝိုးရီနေဆဲ။ ကြိုးတို့သည် ရည်ရွယ်ချက် မပြရန် ခက်ကြ၏။ မမြင်ရသော ကြိုးကလေး တစ်ချောင်းက ကျွန်တော့်ကို ချည်နှောင် တုတ်ခတ်လိုက်ပါပြီ။ 'အိပ် ... အိပ်' ဟူသော အသံကို ကြားရ၏။ [illegible] ကျွန်တော် [illegible]။ [illegible] ကျွန်တော် ငေး ကြည့်နေမိ၏။ ကျွန်တော် [illegible] ရပ်နေရဦးမည်လား။ ကျွန်တော်...။

□



(၁)

ထိုစဉ် အချိန်က ဆောင်းရာသီသည် ညိုစင်နေသည်။ တိမ်တွေ၊ နှင်းတွေ ဆိုင်းလျက် ရက်စက်သော အအေးနီနီကို ပစ်ကြဲချသည်။

မေမေနှင့် ကျွန်တော်က မီးလင်းဖိုနံဘေးမှာ ပုံပြင်တွေနှင့် ပြိုကျမနေပါ။ မြို့ပြ၏ လူသားရနံ့ကို ခါထုတ်ရင်း မြို့ပြင်ဟင်းလင်းဆီ ရောက်နေသည်။

"မေမေ သူက ဘာလဲ"

ကျွန်တော် ညွှန်ပြသော ကျောက်ရုပ်သည် ဘယ်ဘက်ရင်အုံ ပွင့်ပေါက်ပြီး ရုပ်ဆိုင်းနေသော ကျောက်ရုပ်တစ်ရုပ် ဖြစ်သည်။ မေမေ့မျက်နှာမှာ နားလည်ရခက်သော အပြုံးတစ်မျိုးက ရစ်ဝေ့ဖြာထွက်လာသည်။

မေမေက ပြော၏။ မြို့ပြ ဝေါဟာရများအတိုင်း "အသည်းကွဲ

ကျောက်ရုပ်”ဟူ၍ပင် ကျွန်တော့်ကို ရှင်းပြသည်။ ကျွန်တော် နားလည်သော်လည်း နားမလည်ခဲ့ပါ။

ထိုစဉ်က ဆောင်းရာသီသည် ညိုစင်နေသည်။ တိမ်တွေ၊ နှင်းတွေ ဆိုင်းလျက်။ ရက်စက်သော အအေးနီနီကို ပစ်ကြဲချသည်။ (ကျွန်တော်ရယ်၊ မေမေရယ်၊ ‘ဂျိုးဇက်’ဟု အမည်ရသော ‘အသည်းကွဲကျောက်ရုပ်’ကြီးရယ်)။

*





(၂)

ထို့နောက်တွင်တော့ မေမေ မရှိတော့ပါ။ ကျွန်တော်နှင့် ဆောင်းရာသီ ကျန်ရစ်ပါသည်။ တိမ်ထပ် တိမ်ဝတ်တွေကလည်း ကောင်းကင်ပွပွကြီးကို ဝတ်ထားမြဲဖြစ်၏။ မြို့ပြတွင် လမ်းသွယ်များစွာ ပြိုက်ယိုကျဆင်းနေ၏။ ထိုလမ်းသွယ်များအတိုင်း ကျွန်တော် စီးဆင်းခဲ့ပါသည်။ မြို့ပြလူငယ်တစ်ယောက်၏ ‘‘လန့်လန့်လက်လက် ပြစ်တည်မှု’သည်လည်း ရိုးရှင်းရှုပ်ထွေးလျက် ရှိ၏။

ထိုစဉ်အချိန်မှာ ကျွန်တော် လမ်းလျှောက်နေပါသည်။ မြင်းခွာသံများ ကြားရသည်။ အုပ်လိုက် လိမ့်ဆင်းလာသော မြင်းခွာသံများ...။

ထိုစဉ်အချိန်မှာ ကျွန်တော် လမ်းလျှောက်နေပါသည်။ မြင်းခွာသံများ ကြားရသည်။ လမ်းပေါ်မှာ နှင်းဆီတစ်ပွင့်၊ ကျွန်တော်ရုပ်တန့် စဉ်းစားမိ

သေးသည်။

ထို့နောက် ထိုနှင်းဆီပွင့်ကို ကောက်ယူခဲ့သည်။ မြင်းခွာများအောက်မှာ ထိုနှင်းဆီ (မွကြေလိလိ) မဖြစ်စေလိုပါ။ အင်္ကျီအိတ်ကပ်သည် ဘယ်ဘက်ရင်အုံတွင် ရှိသည်။

အင်္ကျီအိတ်ကပ်ထဲတွင် နှင်းဆီတစ်ပွင့် ရှိသည်။

*





(နှလာ)စာပေနှင့်စတိုး
တိုက် (၁၅)၊ အခန်း (၀၁
(A)၊

(၃)

မြင်းခွာသံများ မရှိတော့ပါ။ ကျွန်တော်နှင့် ဆောင်းရာသီကတော
ရှိပါသေးသည်။ ဆောင်းရာသီသည် အဝါလင်းလင်းတို့ဖြင့် ဝင်းသည်
တိမ်လွှာတိမ်ချပ်တွေက မိုးအမြင့်မှာ ဝန်းကာပတ်ကာ လွင်သည်။

ကျွန်တော် လမ်းပေါ်မှာ လမ်းလျှောက်နေဆဲ ဖြစ်၏။ ခမ္မကျောင်း
သွန်းလောင်းလိုက်သော ခေါင်းလောင်းသံများ၊ မုတ်သုန်လေက ပင့်ရှ
ပေါက်ချလိုက်သော မိုးစက်များ၊ ညဥ့်နက်သန်းခေါင် အိမ်ပြန်ကြသည
တေလေတို့၏ သီချင်းဆိုသံ ကွဲအက်အက်များ။

ကျွန်တော်နှင့်အတူ ရွေ့လျားနေကြ။

ထိုစဉ်အချိန်မှာ ကျွန်တော် လမ်းလျှောက်နေပါသည်။ နှင်းဆီရ
ပြာဝန်းလာ၏။

"အို…"

ကျွန်တော် ဘယ်ဘက်ရင်အုံမှာ နှင်းဆီတစ်ပွင့်၊ မေ့လျော့နေသည်။ မေ့လျော့ခဲ့သည်။ မေ့လျော့ထားသည်။ အခုတော့… ကျွန်တော့် ဘယ်ဘက်ရင်အုံမှာ နှင်းဆီတစ်ပွင့်၊ ရနံ့ခိုးတို့ ပြိုးပြက်ရိပ်ရိပ်၊ အိုး… လှလိုက်တာ။

ကျွန်တော် ဖြန့်ဝန်းလိုက်သည်။ ကျွန်တော် ရီဝေ မိုက်မှောင်လိုက်သည်။ ကျွန်တော်…

ထိုသို့ဖြင့် ဆောင်းရာသီသည် မှိုးချုပ်သွားပါသည်။ ဆောင်းရာသီ၏ လူသေလက်ဖဝါးကဲ့သို့သော အေးမှုန်ခါးခါး အထိအတွေ့ကို နှင်းဆီတစ်ပွင့်နှင့် တိုက်စားပစ်လိုက်၏။ ကျွန်တော်နှင့် နှင်းဆီပန်းကလေးတို့ ဆောင်းရာသီမှာ မွေ့ခဲ့ဖူးပါသည်။

ထို့နောက်တွင်တော့ နှင်းဆီပန်းလေး မရှိတော့ပါ။ ကျွန်တော်နှင့် ဆောင်းရာသီသာ ကျန်ရစ်ပါသည်။ တိမ်အိုအိမ်ပြိုတွေကလည်း ကောင်းကင်တော်မှာ မ'ချို'ကြတော့။

လမ်းဘေး အရက်ဆိုင်အိုလေးထဲမှာ ကျွန်တော် ထိုင်နေပါသည်။ မြို့ပြ၏ လူသားရနံ့ကို ခါထုတ်ရင်း၊ ကျေးလက်အုံအုံဆီ ရောက်နေ၏။ မီးလောင်အရက်မို့ ခါးပါသည်။ ထို့အပြင် နှင်းဆီသည်လည်း ခါး၏။ ကျွန်တော့်ဘယ်ဘက်ရင်အုံမှာ ပောင်းလောင်းပေါက်တစ်ပေါက် ရှိနေပါသည်။

ဓမ္မကျောင်းမှ သွန်းလောင်းလိုက်သော ခေါင်းလောင်းသံများ၊ မုတ်သုန်လေက ပင့်ရန်းပေါက်ချလိုက်သော မိုးစက်များ၊ ညဉ့်နက်သန်းခေါင် အိမ်ပြန်ကြသည့် တေလေတို့၏ သီချင်းသံကွဲအက်အက်များ…။

'အို…'





ဆိုင်ရှေ့မှ ဖြတ်သွားသော လူတစ်ယောက်နောက်သို့ ကျွန်တော် လိုက်သွားမိပါသည်။ (ရီဝေမှောင်မိုက်စွာ) နှုတ်မှလည်း အော်ခေါ်မိ၏။ (ရီဝေမှောင်မိုက်စွာ)

'ဂျိုးဇက်'

ဂျိုးဇက်သည် ငယ်ငယ်တုန်းကလိုပဲ ကျွန်တော့်ကို လှည့်မကြည့်ပါ။ အမှောင်ဟူးဟူးထဲသို့ တိုးဝင်သွားသည်။ ကျွန်တော်လည်း လိုက်ပါတိုးဝင်၏။ ဆောင်းရာသီ ကျန်ရစ်၏။

ကျွန်တော်…

ပျောက်ကွယ်သွားပါတော့သည်။

❐

မေ့လျော့ခဲ့သည်။ မမေ့ရှာတော့သည်။ အခုတော့...

ရင်ခွင်မှာ နှင်းဆီတစ်ပွင့်၊ ရန့်ခိုးတို့ ပြုံးပြက်ရိပ်ရိပ်၊ အိုး 'ငါ့ချစ်ကိုကိုကတော့။

ထိုသို့ဖြင့် ဆောင်းရာသီသည် ရှာသောလက်ဖဝါးကဲ့သို့သော အေးမှုန်ခါးခါး အဆိုအရောင့်ထိုနေ့ရက်တစ်ပွင့်နှင့် ထိုက်တာပေးလိုက်၏။ ကျွန်တော့်ရှင်သန်ရာ ဆောင်းရာသီမှာ မွေးခဲ့ဖူးပါသည်။

□

ထို့နောက်တွင်တော့ နှင်းဆီပန်းလေး မရှိတော့ပါ။ ကျွန်တော်နှင့် ဆောင်းရာသီသာ ကျန်ရစ်ပါသည်။ ကောင်းကင်တော်မှာ မချို့ကြတော့။

လမ်းဘေး အရောက်ဆိုင်အိုလေးထဲမှာ ကျွန်တော် ထိုင်နေပါသည်။ မြို့ပြ၏ လူသွားရန့်ကို ခါလေ့တင်း၊ ကျော့လက်အုံဆီ ရောက်နေ၏။ မီးလောင်ရောက်မှ ခါးပါသည်။ ထိုအပြင် နှင်းဆီသည်လည်း ခါး၏။ ကျွန်တော်ကော်ဖီအက်ရင်ခွင်မှာ ကောင်းလောင်းပေါက်တစ်ပေါက် ရှိနေပါသည်။

မမွေကျောင်းမှ ... မှတ်သုန်လေက ပင့်ရန်းပေါက်ချလိုက် ... အိမ်ပြန်ကြသည့် တေးလေတို့၏ သီချင်း ... များ...။

'အို...'



# ကျွန်တော်နှင့် အတိမ်းအမောက်များ

သေသေချာချာကြည့်မှ ပုရစ်ဖူးလေးတွေ ဝေနေတာကို မြင်ရသည်။ အချို့ကိုင်းခက်များမှာလည်း စိမ်းရွက်တွေဝေလို့။

'အို... နွေရောက်ပြီကိုး'

ကျွန်တော့်စိတ်ထဲတွင် မကြည်မလင်ဖြစ်သွားရသည်က ကျွန်တော့် အိမ်နံဘေးမှ ဥသြငှက်ကြောင့်ပင် ဖြစ်သည်။ ... ရောက်ရောက်ချင်း ... ခြံထဲမှ သစ်အိုပင်သို့ မော့ကြည့်ကာ...

'နွေရောက်တာ ဘာဖြစ်လို့ မင်း ငါ့ကို မပြောရတာလဲ'

နှုတ်သီးတလှုပ်လှုပ်ဖြင့် ဥသြငှက်က ပြန်ပြောနေပုံကိုတော့ မြင်ရ... သို့သော် ဘာသံမှ မကြားရချေ။ ... သူ့နှုတ်သီးမှာ တပ်ထားသော ... ကို မြင်လိုက်သည်။

## (၁) နွေရာသီ

သေသေချာချာကြည့်မှ ပုရစ်ဖူးလေးတွေ ဝေနေတာကို မြင်မိသည်။ အချို့ကိုင်းခက်များမှာလည်း စိမ်းရွက်တွေဝေလို့။

'အို... နွေရောက်ပြီကိုး'

ကျွန်တော့်စိတ်ထဲတွင် မကြည်မလင်ဖြစ်သွားရသည်က ကျွန်တော့် အိမ်နံဘေးမှ ဥသြငှက်ကြောင့်ပင် ဖြစ်သည်။ အိမ်ပြန်ရောက်ရောက်ချင်း ခြံထဲမှ သစ်အိုပင်သို့ မော့ကြည့်ကာ...

'နွေရောက်တာ ဘာဖြစ်လို့ မင်း ငါ့ကို မပြောရတာလဲ'

နှုတ်သီးတလှုပ်လှုပ်ဖြင့် ဥသြငှက် ပြန်ပြောနေပုံကိုတော့ မြင်ရ၏။ သို့သော် ဘာသံမှ မကြားရချေ။ စိတ်မရှည်မိသဖြင့် သူ့အနီးကပ်သွားမှ သူ့နှုတ်သီးမှာ တပ်ထားသော ကရိယာကို မြင်လိုက်သည်။

နှုတ်မှ ကျိန်ဆဲမိသလို လက်မှလည်း ဖြုတ်ဆွဲယူလာခဲ့လိုက်၏။ ဒင်းကြောင့်ပင် ဥသြအော်သံကို ကျွန်တော် မကြားရခြင်း ဖြစ်သည်။

ဥသြမှာ…

ဘယ်သူက ဆိုင်လင်ဆာ (silencer) လာတပ်သွားသလဲမသိ။

*





## (၂) အပြုံး

ကိုယ့်ကိုယ်ကို မှန်ထဲမှာ ပြန်ကြည့်နေမိသည်။ တစ်ခါမှ မတွေ့ဖူးသော လူတစ်ယောက်လိုလည်း ခံစားမိ၏။ မျက်လုံးထဲကို သေသေချာချာ စူးစိုက်ကြည့်လိုက်သည်။ ထို့နောက် ပြုံးပြလိုက်၏။

ကိုယ့်ကိုယ်ကို မှန်ထဲကြည့်ပြီး ပြုံးရခြင်းသည် အလွန်လွယ်သောကိစ္စ ဖြစ်နိုင်ပါသည်။ သို့သော် မည်သည့်နေရာတွင် ကျွန်တော် မှားသွားသည် မသိ။

ကိုယ့်ကိုယ်ကို ပြုံးပြ၍ မရချေ။

'အဟိ'

ထောင့်ပေါင်းစုံမှနေ၍ အနေအထားမျိုးစုံဖြင့် ကျွန်တော် ပြုံးပြပါသည်။ 'ဒေးကာနက်ဂျီ'၏ အဆိုအမိန့်အတိုင်း ဖော်ရွေပျူငှာစွာ ပြုံးပြ

ပါသည်။

‘ဟီး… ဟီး… ဟီး…’

သို့သော် မည်သို့မျှ မရချေ။ ပြုံးပြသည်နှင့် မတူဘဲ သွားဖြီးပြသည်နှင့်သာ တူနေသည်။

စိတ်ထဲက မကျေနပ်လှသော်လည်း ထိုအဖြစ်အပျက်ကို ကျွန်တော် မည်သူ့မျှ ပြန်မပြောပြခဲ့ပါ။ တစ်နေ့မှာ မိတ်ဆွေဆရာဝန်တစ်ဦးက စကားတစ်ခွန်းကို (အကြောင်းတိုက်ဆိုင်သဖြင့်) အောက်ပါအတိုင်း ပြောလေသည်။

“လူဟာ ကိုယ် စေတနာမရှိတဲ့လူကို ဘယ်လိုမှ ပြုံးပြလို့ မရဘူးဗျ”

ကျွန်တော် အတော်ခံစားလိုက်ရလေသည်။

*





## (၃) ရေတစ်ပေါက်

ကျွန်တော့်မှာ မိတ်ဆွေတစ်ယောက် ရှိပါသည်။ စာပေကျမ်းဂန်နှံ့စပ်သည်နှင့်အမျှ စကားပြောလည်း ကောင်းလှပါသည်။ တစ်နေ့မှာ သူက ကျွန်တော့်ကို ပြောလာပါသည်။

“လူဆိုတာ တစ်ဖက်သားရဲ့ ကျေးဇူးကို သိခဲတယ်ဗျ၊ အင်မတန်မှ ကျေးဇူးတုံ့ပြန်ခဲတယ်”

ကျွန်တော်တို့နှစ်ယောက် အတော်ပင် စကားအပေးအယူ ဖြောင့်ခဲ့သော မနက်ခင်းဖြစ်သည်။ စကားတပြောပြောနှင့် လမ်းလျှောက်ခဲ့ကြသည်မှာ သူ့အိမ်အနီးသို့ ရောက်ပြီ။ ကျွန်တော်လည်း အာခြောက်ပြီ။

သူ့အပေါ် ကျေးဇူးကန်းသူများအကြောင်း ရွှန်းရွှန်းဝေအောင် ပြောနေသော မိတ်ဆွေကို…

"ဟော့လူ ရေတစ်ပေါက်လောက်တော့ ပေးသောက်ပါဦးဗျာ၊ အာခြောက်နေပြီ"

မိတ်ဆွေဖြစ်သူ အိမ်ထဲဝင်သွားပါသည်။ ပြန်ထွက်လာပြီး ကျွန်တော့်ကို ရေတိုက်ပါသည်။ မျက်စဉ်းခပ်သော ပိုက်ကလေးဖြင့် ရေတစ်ပေါက်လာတိုက်ခြင်း ဖြစ်ပါသည်။ ထို့နောက် သူ့အပေါ် ကျေးဇူးပြန်မဆပ်သူများအကြောင်းကို ထောင်းလမောင်းကြဲအောင် ဆက်ပြောပြန်ပါသည်။

အိမ်အပြန်လမ်းမှာ ကျွန်တော့်ကို ရေတစ်ပေါက် တိုက်ခဲ့သောသူ့ကျေးဇူးကို မည်သို့ ပြန်ဆပ်ရပါမည်နည်းဟု တွေးမရအောင် ဖြစ်လာခဲ့ပါသည်။

*





## (၄) တုတ်ကောက်

ခုတလော ညနေခင်းတွေမှာ မရင်းနှီးလှသော မိတ်ဆွေတစ်ဦး ကျွန်တော့်ထံ လာလာလည်ပါသည်။ ယခင်က ထိုသို့ လာလည်လေ့ မရှိပါ။

သူ့မိတ်ဆွေတစ်ယောက် နိုင်ငံခြားမှ ပို့လိုက်သည်ဆိုသော တုတ်ကောက်လှလှကြီး ရောက်လာပြီး ညနေဆိုလျှင် အိမ်ဘက် လျှောက်လျှောက်လာခြင်း ဖြစ်ပါသည်။

လမ်းလျှောက်ပုံက ယခင်ကဲ့သို့ မဟုတ်ဘဲ ပြောင်းလဲနေပြီ ဖြစ်ပါသည်။ ဟန်များလွန်းလှသည်မှာ မြင်ရသူအတွက် စိတ်မသက်သာဖွယ်ရာဖြစ်သည်။

သူ လမ်းလျှောက်ပုံကို သတိပြုကြည့်လိုက်တိုင်းမှာ သူကလည်း

တုတ်ကောက်ကို ဇော့ယမ်းပြီး ဝင့်ကြွားစွာ ရယ်မောပြလေ့ ရှိသည်။

ရစ်သမ်စနစ်ဖြင့် လမ်းလျှောက်နည်းများ အကြောင်းကိုလည်း ကျွန်တော်မမေးဘဲ သူရှင်းပြပါသည်။

"ခြေထောက်အမြောက်မှာ လက်နဲ့ တုတ်ကောက်ဟာလည်း လမ်းလျှောက်ခြင်းဟာ အနုပညာတစ်ရပ်ပဲ ဆိုတော့၊ ကဲ ဘယ်လို သဘောရလဲ"

ကျွန်တော်က "အံ့သြမိကြောင်း" ပြောပါသည်။ "ဘာကို အံ့သြတာလဲ"ဟု သူက ပြန်မေးပါသည်။

"ဩော်...ခင်ဗျား လမ်းလျှောက်တာက ခြေရောလက်ရော တုတ်ကောက်ရော အကုန်ပါတာကို၊ မျက်စိထဲမှာ ရှုပ်နေတာပေါ့"

နောက်ညနေမှစ၍ သူ ကျွန်တော့်ဆီ မလာတော့ပေ။

*





## (၅) ပုံတူ

ကျွန်တော်တို့ လမ်းထိပ်က အမှိုက်ပုံမှာ လာလာစားနေကျ နွားတစ်ကောင်ရှိပါသည်။ ကြီးစားပမ်းစားဖြင့် ထိုနွား၏ပုံတူကို ငါးရက်ခန့်ကြာ အောင် ရေးဆွဲခဲ့ရပါသည်။

ရေဆေးပန်းချီကားလေး ဖြစ်သည်။ နွားတစ်ကောင်၏မျက်နှာကို အနုစိတ်ဆွဲထားသော ပန်းချီကားလည်း ဖြစ်သည်။

နီးစပ်ရာ မိတ်ဆွေတစ်ယောက်က ထိုပန်းချီကားကို မြင်တွေ့ချိန်မှာ...

"ဩော်... အင်း... သူ့ကို ကျွန်တော် သိတယ်ဗျ"

ကျွန်တော်နှင့် တစ်လမ်းတည်းနေသူဖြစ်၏။ လမ်းထောင့် အမှိုက်ပုံမှာ လာစားနေကျ နွားကို သူလည်း ကျွန်တော့်လိုပင် မြင်ဖူးမည်မှာ သေချာ

ပါသည်။

“အင်း… ခင်ဗျား သိမှာပေါ့”

“သိပ်သိတာပေါ့၊ ဒီကောင်နဲ့ ကျွန်တော် တက္ကသိုလ်မှာတုန်းက မေဂျာတစ်ခုတည်းပေါ့”

“ဗျာ…”

“ခင်ဗျားက သူ့ကို နွားလိုလုပ် ဆွဲထားတာကိုး၊ ဆွဲလဲ ဆွဲလောက်ပါတယ်၊ တကယ်နွားကျတဲ့ကောင်”

ကျွန်တော် မည်သို့မှ ပြန်မပြောရသေးခင်မှာ နောက်ထပ် မိတ်ဆွေတစ်ဦး ရောက်လာပါသည်။ သူကလည်း ထိုပုံတူ ပန်းချီကားကိုကြည့်ပြီး…

“ဩော်… ဒီကောင်ကိုး၊ ကျွန်တော်နဲ့ သိတယ်ဗျ၊ ငယ်သူငယ်ချင်းပဲ၊ မင်္ဂလာဈေးထဲမှာ ဈေးရောင်းနေတယ်၊ ခင်ဗျား ဆွဲတာ မလွန်ပါဘူးဗျာ၊ နွားလိုကောင်ပါပဲ၊ ဈေးရောင်းပုံ ဝယ်ပုံကြည့်ရင်ကို သိသာပါတယ်၊ ဒါထက် ခင်ဗျားနဲ့က ဘယ်လိုလုပ် သိတာလဲ”

ပထမမိတ်ဆွေနှင့် ဒုတိယမိတ်ဆွေတို့ အငြင်းပွားကြပါသည်။ သူတို့ပြောသော လူနှစ်ယောက်က မတူသောကြောင့် ဖြစ်သည်။ ထိုပန်းချီကားကို ကျွန်တော် မည်သို့မှ မပြတော့ပါ။

မြင်ရသူတိုင်းက “တွေ့ဖူးသည်”ဟု ပြောနေနိုင်သောကြောင့် ဖြစ်ပါသည်။





## (၆) သီချင်း

ကျွန်တော် သီချင်းဆိုချင်စိတ် ပေါက်နေစဉ်မှာ မိတ်ဆွေတစ်ယောက် ရောက်လာပါသည်။

“သီချင်းဆိုရအောင်ဗျာ”

မိတ်ဆွေကလည်း သဘောတူပါသည်။ သို့သော် ခက်နေကြသည်က သူရော ကျွန်တော်ရော မည်သည့်သီချင်းကိုမှ မရကြခြင်း ဖြစ်သည်။

အခြားမိတ်ဆွေများလည်း ရောက်လာပါသည်။ သူတို့ကလည်း ကျွန်တော်တို့နှစ်ယောက်၏ အရေးကိစ္စကို အောက်ပါအတိုင်း ဝင်ရောက်ကူညီကြပါသည်။

“စာသားမေ့နေလို့ဗျာ”

“သံစဉ် မရလို့ပါဗျာ”

ထိုသို့ဖြင့် ကျွန်တော်တို့နှစ်ယောက်သည် အောင်မြင်နေသော မိတ်ဆွေတစ်ယောက်ထံ ရောက်သွားပါသည်။ ကျွန်တော်တို့၏ အရေးကိစ္စကို ပြောပြရာ ထိုမိတ်ဆွေက–

"အင်း ကျွန်တော် သီချင်းဆိုဖို့ မေ့နေခဲ့တာ နှစ်တွေ ကြာလှပြီ"

သီချင်းဆိုရန် မေ့လျော့နေခဲ့သည့် နှစ်များအကြောင်း သူက ကျွန်တော်တို့ကို ပြောပြပါသည်။ ထိုအခိုက်မှာ သူ၏ စီးပွားဖက်တစ်ဦး ရောက်လာပါသည်။

"သီချင်းဆိုဖို့အကြောင်း ပြောနေကြတာ"

မိတ်ဆွေ၏ ပြောစကားကို သူ နားမလည်ချေ။ မျက်မှောင်ကြီး ကြုတ်ပြီး...

"သီချင်း ဟုတ်လား၊ သီချင်းဆိုတာ ဘာလဲ"

ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေ ကုပ်ကုပ်ကလေး အိမ်ပြန်ခဲ့ကြရလေသည်။

*





## (၇) ဖြေရှင်းချက်

စိတ်ထဲမှာ မငြိမ်းမချမ်း ရှိလှသဖြင့် ဘုရားသို့ သွားပါသည်။ တန်ဆောင်းတစ်ခုဝင်ပြီး ဘုရားကို အာရုံပြုနေချိန်မှာ အနှောင့်အယှက် ပေါ်လာပါသည်။

ဆုတောင်းသံ အကျယ်ကြီးကြောင့် ဖြစ်သည်။ မျက်စိဖွင့်ကြည့်လိုက်သောအခါ ကြောက်မက်ဖွယ်ရာ ဆုဖြိုးသော လူဝကြီးတစ်ယောက်ကို တွေ့ရ၏။

"တပည့်တော်ကို လူမုန်း အင်မတန် များပါတယ်ဘုရား"

ကျယ်လောင်သော သူ့အသံကြီးကပင်လျှင် လူမုန်းရန် အကြောင်းတစ်ချက်အဖြစ် ခိုင်လုံနေလောက်ပြီ။ သို့သော် လူဝကြီး၏ အယူအဆကတော့ တစ်မျိုးတစ်မည်ဖြစ်ကာ ထူးခြားလှသည်။

"တပည့်တော်က ဝပါတယ်ဘုရား၊ သူများထက်စာရင် အောက်ဆီဂျင်ကို ပိုရှူရပါတယ်ဘုရား၊ တပည့်တော်ကြောင့် ကျန်လူတွေအတွက် အောက်ဆီဂျင် နည်းပါးရတယ်ဆိုရင် တပည့်တော် စိတ်မကောင်းပါဘူးဘုရား၊ ဒီအတွက် အပြစ်တင်မယ်ဆိုရင် တပည့်တော် ခံပါ့မယ်ဘုရား၊ ဒါပေမဲ့"

သူ့ ဆုတောင်းစကားက ကိုးရိုးကားရား ဖြစ်နေသည်ဟု ထင်ရသည်။ စိတ်ဝင်စားဖွယ်ရာလည်း ကောင်းနေပြန်၏။

"ဒါပေမဲ့ အောက်ဆီဂျင်ကို ရှူပြီးရင် ကာဗွန်ဒိုင်အောက်ဆိုဒ် ပြန်လွှတ်ရတာ လူ့သဘာဝပါပဲ ဘုရား၊ အောက်ဆီဂျင် များများရှူရတဲ့ အတွက်ကြောင့် အပြစ်ရှိမယ်ဆိုရင်တောင် ကာဗွန်ဒိုင်အောက်ဆိုဒ် များများ ပြန်လွှတ်မိတဲ့အတွက်ကြောင့်တော့ တပည့်တော်မှာ အပြစ်မရှိပါဘူးဘုရား၊ လေထုညစ်ညမ်းမှုဆိုတာ တပည့်တော် တစ်ယောက်တည်းကြောင့်တော့ မဟုတ်လောက်ပါဘူး ဘုရား"

သူ့ ဆုတောင်းသံမျှကို ကျွန်တော်က နံဘေးမှ ကြားနေရ၏။ မည်သို့မှ သုံးသပ်နိုင်စွမ်း မရှိတော့ချေ။

*





## (ဂ) အားကစားလေ့ကျင့်ခန်း

စာနယ်ဇင်း သမားတစ်ဦးက "အလေးမ"အားကစားသမားတစ်ဦးကို မေးနေ၏။

"အလေးမတာကို ဘယ်အရွယ်တည်းက ဝါသနာပါတာလဲ"

"ကျွန်တော် ငယ်ငယ်ကတည်းကပါပဲ"

သူတို့ အပါးမှ ခပ်မြန်မြန်ခွာလာခဲ့၏။ ဘာကြောင့်များ ဒီအလေးအပင်ကြီးတွေကို မ,ရန် သူ ဝါသနာပါနေမှန်းကို ကျွန်တော် စဉ်းစား၍ပင်မရ။ သူ့လို အလေးအပင်ကြီးတွေ လျှောက်မရန် ကျွန်တော် စိုးစဉ်းမျှ ဝါသနာမပါ။

ထိုအကြောင်းကို လေးစားရသော အဘိုးအိုတစ်ဦးထံ ပြောပြမိ၏။ အဘိုးအိုထံမှ လေးနက်လှပသော စကားတစ်ခွန်းကို ပြန်ကြားရ၏။

"မင်းတို့ ငါတို့လဲ အလေးမသမားတွေပါပဲကွာ"

"ခင်ဗျာ၊ ဘာဖြစ်လို့လဲ"

"လောကစံ ရှစ်ပါးက အရမ်းလေးတယ်၊ တို့နှလုံးသားက နိုင်အောင် ထမ်းနေရတာ၊ လောကစံကို ကျော်လွှားနိုင်ဖို့အတွက် အင်မရတန်လေးတဲ့ သောကဝန်တွေကိုလည်း နှလုံးသားလေးက နိုင်အောင် မ,ပြ ထမ်း,ပြ နေရတာ ပါပဲ၊ ဒီလိုပဲပေါ့ကွာ"

အပြန်လမ်းမှာ...

ကျွန်တော်ဟာ ပြိုင်ပွဲပေါင်းများစွာဆီ ဦးတည်လျှောက်လှမ်းနေရသော အလေးမ အားကစားသမားတစ်ယောက်ပမာ ခံစားနေရပါတော့သည်။

*





## (၉) ရာသီပြောင်းချိန်

ထိုသို့ဖြင့် မိုးရာသီကို ဝင်လာသည်။ နှလုံးသားလေးကို ကျွန်တော် ငုံ့မေးမိ၏။

"နေရထိုင်ရတာ အေးတယ်နော်"

ယခုတိုင် သူကတော့ လက်မခံသေး။

"အိုက်စပ်စပ်ကြီးပါပဲကွာ"

❐

"မင်းတို့ ဒါတို့လဲ အလေးမသာမားတွေပါပဲကွာ"

"ခင်ဗျား ဘာဖြစ်လို့လဲ"

"လောကမှာ ရှိပါစေ အရမ်းလေးတယ်၊ တို့နှလုံးသားက နိုင်အောင် ထမ်းနေရတာ၊ လောကကြီးကို ကျော်လွှားနိုင်ဖို့အတွက် အင်မရခံနိုင်လေးတဲ့ လောကဒဏ်တွေကိုလည်း နှလုံးသားလေးက နိုင်အောင် မ,ပြ ထမ်း,ပြ နေရတာ၊ ပါပဲ၊ ဒီလိုပဲပေါ့ကွာ"

အပြန်လမ်းမှာ...

ကျွန်တော်ဟာ ပြိုင်ပွဲပေါင်းများစွာဆီ ဦးတည်လျှောက်လှမ်းနေရသော အလေးမ အားတစ်ယောက်ပမာ ခံစားနေရပါတော့သည်။



# ကျွန်တော်နှင့် ဥက္ကာပျံ အပိုင်းအစများ

၁။ ကျွန်တော့်မှာ နာမည်ရှိပါသည်။ သို့သော် ကျွန်တော့်နာမည်သည် ကျွန်တော်မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော့်နာမည်ကို သုံးသပ်ခြင်းနှင့် ကျွန်တော့်ကို သုံးသပ်ခြင်း ကွဲပြားပါသည်။ (ကွဲပြားရပါမည်။)

၂။ ကျွန်တော်သည် မလှပါ။ အကျည်းတန်ပါသည်။ ထို့ကြောင့်လည်း အလှတရားကို တန်ဖိုးထားမိပါသည်။ သို့သော် ကျွန်တော်သည် အကျည်းတန်သူ ဖြစ်ပါသည်။ ထို့ကြောင့် အလှတရားနှင့် မျက်နှာချင်းဆိုင် ဝေးကွာနေပါသည်။

၃။ ကျွန်တော် ဘာမှ မလုပ်ပါ။ "ဘာမှ မလုပ်သူသည် သူတောင်းစားလုပ်ရသည်" ဟူသော အဆိုရှိ၏။ ကျွန်တော် ဘာမှမလုပ်ပါ။ သူတောင်းစားလည်း မလုပ်ပါ။ ထို့ကြောင့် ဘာမှ မလုပ်ပါ။

၄။ ကျွန်တော်သည် ဘာမှမရှိသော အိုးတစ်လုံး ဖြစ်ချင်ပါသည်။

အထဲမှာ ဘာမှ ထည့်မထားချင်ပါ။ ထိုသို့ဖြင့် အများကြီး ရှိနေချင်ပါတော့သည်။

၅။ ဖားဖိုကြီးထဲမှာ ဘာမှမရှိပါ။ သို့သော် သူ့အထဲမှာ အင်အားများစွာကို ရပါသည်။ ကျွန်တော် ဖားဖိုကြီး ဖြစ်ချင်ပါသည်။ သို့သော် ယနေ့ထက်တိုင် ဖားဖိုကို အသုံးပြုသူသာ ဖြစ်နေဆဲ။

၆။ မြေကြီးနှင့် ကောင်းကင် ဘယ်မှာထိကြသလဲ။ ကျွန်တော် လိုက်ရှာဖူးပါသည်။ မိုးကုပ်စက်ဝိုင်းမှာ ထိကြ၏။ အဝေးမှ မြင်ရသည်။ (အဝေးမှပင်) မြေကြီးဆီမှ ကောင်းကင်ကို ကျွန်တော် ဆွဲပင့်ဖူး၏။ ကွဲကွာအောင် လုပ်ဖူး၏။

၇။ စကြဝဠာကြီးသည် သက်တော်ရှည်၏။ သူ့အတွက် သူရပ်တည်နေခြင်း မဟုတ်သောကြောင့်ဟု ပြောသည်။ ကျွန်တော်လည်း ရပ်နေ၏။ သို့သော် ရပ်နေခြင်းသာ ဖြစ်၏။ ကျွန်တော့်အတွက်လည်းမဟုတ်။ မည်သူ့အတွက်မှလည်း မဟုတ်။ ကျွန်တော်သည်ရော သက်တော်ရာကျော် ရှည်မည်လော။

၈။ ကျွန်တော် ရေလိုစီးခဲ့ပါသည်။ အကွေ့အကောက်များစွာကိုဖြတ်သန်းခဲ့ပါသည်။ ကြည်လင်စွာ စီးခဲ့ပါသည်။ သို့သော် ကျွန်တော့်ကျောပေါ်တွင် အမှိုက်သရိုက် အချို့လည်း ပါလာနိုင်ပါသည်။

၉။ ကျွန်တော်သည် စွန့်ပစ်ခြင်းကို ဝါသနာပါပါသည်။ ယူထားလျှင် ကာကွယ်စောင့်ရှောက်ရမည်။ ရန်သူတို့၏ ရန်သူဖြစ်ရမည်။ ပျင်းစရာ ကောင်းလိမ့်မည်။

၁၀။ ခွက်လွတ်တစ်လုံးကို ကျွန်တော်ကြည့်သည်။ အထဲမှာ ဘာမှမရှိသောကြောင့် သူ ခွက်လွတ်ဖြစ်နေသည်။ ထိုဘာမှမရှိသော နေရာ





ကပင် အသုံးဝင်လှသည်။ ကျွန်တော်လည်း "ဘာမှမရှိသောနေရာ" ဖြစ်ချင်သည်။ ဘယ်ခွက်ထဲသို့ ဝင်ရမည်နည်း။

၁၂။ ကျွန်တော် အမဲမလိုက်ချင်ပါ။ တောကစား မထွက်ချင်ပါ။ မည်သူ့နောက်ကိုမှ ခြေရာခံ မလိုက်ချင်ပါ။ ကျွန်တော် မြင်းများ၊ တောခွေးများကို ကြိုးဖြေ၍ လွှတ်လိုက်ပါသည်။ သို့သော် သူတို့က ကျွန်တော့်နောက်မှ ပြန်လိုက်လာကြ၏။

၁၃။ အတ္တရှိသူသည် ကိုယ့်ကိုယ်ကို ချစ်၏။ ကျွန်တော့်ကိုယ် ကျွန်တော် မချစ်ပါ။ မုန်းပါသည်။ သို့သော် ကိုယ့်ကိုယ်ကို မုန်းခြင်းသည်လည်း အတ္တဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် အတ္တကြီးပါသည်။

၁၄။ "လောကသစ္စာ"ကို ကျွန်တော်တွေ့ချင်ပါသည်။ သူ့နောက်ကို ကျွန်တော်လိုက်၏။ သို့သော် သူ့မှာ "ကျော"မရှိချေ။ သူ့ကို ကျွန်တော် ရင်ဆိုင်၏။ သို့သော် သူ့မှာ "ရင်ဘတ်"မရှိချေ။ "လောကသစ္စာ"ကို ကျွန်တော် လိုက်မရှာတော့ပါ။ နေရာမှာပဲ ရပ်နေလိုက်ပါသည်။ အကယ်၍ သူက ကျွန်တော့်ကို လာရှာလျှင် လွယ်ကူရန် ဖြစ်ပါသည်။

၁၅။ ကျွန်တော် လိုက်လျောတတ်ပါသည်။ လိုက်လျောညီထွေရှိနိုင်စေရန် လေ့ကျင့်ခဲ့ပါသည်။ အရည်ပျော်လုဆဲဆဲ ရေခဲတုံး[illegible] လိုက်လျောညီထွေ ပြုရန် အဆင်သင့် ဖြစ်နေပါသည်။ [illegible] တော့ လိုသည်။ ကျွန်တော်နည်းနည်း အေးစက်[illegible]

၁၆။ ကျွန်တော် ဘာကိုမှ ဆုပ်ကိုင်မထားပါ။ လက်ချောင်း[illegible] ရှိပါသည်။ လက်ချောင်းအချင်းချင်းလည်း [illegible] လက်ချောင်းတွေ ဒီအတိုင်း ရှိပါသည်။

၁၇။ သူတစ်ပါးအတွက် ကျွန်တော် လုပ်ပေးဖူးပါသည်။ ထိုသော သူတစ်ပါးက ကျွန်တော့်ကို ကျေးဇူးစကား ဆိုပါသည်။ အခြားသူများကိုတော့ “သူ့ဘာသာ လုပ်ခဲ့သည်”ဟု ပြောပါသည်။ ထို့ကြောင့် ကျွန်တော်က သူ့ကို ကျေးဇူးစကား ပြန်ဆိုလိုက်ပါသည်။

၁၈။ “အစစ်အမှန်”များ ရှိကြ၍ “အတုအယောင်”များ ပေါ်လာကြပါသည်။ ကျွန်တော့်ထံတွင် “ကျွန်တော် အစစ်အမှန်” ရှိပါသည်။ ထို့ကြောင့် ကျွန်တော့်ထံတွင် “ကျွန်တော် အတုအယောင်”ကော ရှိဦးမည်လား။ စဉ်းစားရပါမည်။

၁၉။ ကျွန်တော်သည် ပညာရှင်ကြီး မဖြစ်ချင်ပါ။ အလွမ်းတွေထဲမှာ ပညာနှင့်ယှဉ်၍ ဖြစ်ပေါ်သော အလွမ်းသည် အဆိုးဝါးဆုံး ဖြစ်ပါသည်။

၂၀။ အိပ်မက်များစွာကို ကျွန်တော် ဖတ်ဖူးပါသည်။ ထိုအိပ်မက်များကို ဖမ်းဆုပ် ကိုင်တွယ်၍ မရပါ။ ကျွန်တော် ကြိုးစားဖူးပါသည်။ ဖမ်းဆုပ်ကိုင်တွယ်၍ ရဖူးပါသည်။ သို့သော် ထိုဖြစ်ရပ်ကပင်လျှင် နောက်ဆုံးမှာ အိပ်မက် ဖြစ်နေပါသည်။

၂၂။ ဤစာကို ကျွန်တော် ရေးပါသည်။ ရည်ရွယ်ချက်မရှိပါ။ အားလုံး ဖတ်၍ ရပါသည်။ သို့သော် အားလုံး ဖတ်နိုင်အောင် ရည်ရွယ်ထားခြင်းလည်း မဟုတ်ပါ။ ကျွန်တော့်ဘာသာ စာရေးခြင်းသာ ဖြစ်ပါသည်။

၂၃။ လောကီအမိုက်မှောင်ထဲမှ လွတ်မြောက်လိုကြ၏။ ချင့်ချိန်ကြည့်ရဦးမည်။ မည်သည့်အရာက ချုပ်နှောင်ထားသနည်း။

၂၄။ ခြေဖျားထောက်ပြီး ကျွန်တော် လမ်းလျှောက်ဖူးပါသည်။ သတိနှင့်





ထိန်းလျှောက်ခြင်းဖြစ်၍ မလဲပါ။ သို့သော် သတိထားနေရခြင်းက ပင်ပန်းပါသည်။ ထိန်းလျှောက်ရခြင်းကြောင့်လည်း ညောင်းပါသည်။

၂၅။ ကျွန်တော်ထွက်သွားဖူးပါသည်။ ဝေးရာကို ထွက်သွားဖူးပါသည်။ ပို၍ဝေးရာကို ထွက်သွားဖူးပါသည်။ မူလနေရာသို့ပင် ပြန်ရောက်လာပါသည်။ “မေမေ”ဟု ကျွန်တော် အော်ခေါ်လိုက်ပါသည်။

၂၆။ ကျွန်တော်က တိုးတိုးကလေး နေချင်ပါသည်။ ကျယ်လောင်မှုကို မနှစ်သက်ပါ။ “တိုးတိုး”လေး “အော်”တတ်သူများကိုလည်း တွေ့ဖူးပါသည်။ သူတို့ကိုလည်း မနှစ်သက်ပါ။

၂၇။ အချို့သူများသည် ကြိုးနှင့် ချည်နှောင်တတ်၏။ အချို့သူများက ကြိုးမပါဘဲ ချည်နှောင်တတ်သည်။ ကျွန်တော် ခံခဲ့ရဖူးသည်။

၂၈။ သစ်ကြမ်းတုံးကြီးကို ကြည့်ပြီး ကျွန်တော် တွေးမိသည်။ ဘီလူးရုပ်၊ မင်းသမီးရုပ်၊ ကိန္နရီရုပ်၊ မည်သည့်အရုပ်ကို ဖြစ်စေထု၍ ရသည်။ မည်သည့်အရုပ်ကိုမဆို သူပေးနိုင်သည်။ သူ့မှာ တန်ခိုးများ ရှိနေသလား။

၂၉။ လောကကြီးကို ကျွန်တော် ပြုပြင်လိုပါသည်။ ပျက်နေသည့်နေရာကို ကျွန်တော် သိပါသလား။ ပြင်တတ်ပါသလား။ လောကကြီးအတွက် အပိုပစ္စည်း (spare part) မည်သည့်နေရာတွင် ဝယ်ရမည်နည်း။

၃၀။ လိုအပ်လျှင်တော့ ကျွန်တော် တိုက်ပွဲဝင်မည်။ “လိုအပ်လျှင်”ဟု ကျွန်တော် စကားခံခဲ့သည်။ လိုအပ်လျှင် တိုက်မည်။ သို့သော် မလိုအပ်အောင် ကြိုးစားမည်။

၃၁။ လက်ဖက်ရည်ခွက်ထဲမှာ အမြှုပ်တွေ ရတ်ရတ်သည်းသည်း ဖြစ်နေသည်ကိုကြည့်ပြီး အချို့သောသူများကို ကျွန်တော် ငြီးငွေ့ဖူးသည်။

စစ်ကူတောင်းပြီး (ကျွန်တော်ကတော့) သူရဲကောင်းမလုပ်ချင်။

၃၂။ လောကကြီးသည် ပင်လယ်ကြီးနှင့် တူပါသလား။ ကျွန်တော်မြစ်လို စီးဆင်းသွားချင်သည်။ သို့သော် ကျွန်တော့်အတွက်တော့ မည်သူမျှ အကျိုးမကျန်ရစ်စေလိုပါ။ မြစ်ကျိုးအင်းတွေကို ကျွန်တော် မထားခဲ့ချင်ပါ။

၃၃။ အခြားသူများကို နားလည်တတ်ရန်ထက် ကိုယ့်ကိုယ်ကို နားလည်ရန် ခက်၏။ ကျွန်တော့်ကိုယ် ကျွန်တော် မကြာခဏ ပြောဖူးပါသည်။

"မင်းဘာကောင်လဲ?"

၃၄။ လွယ်အိတ်တစ်လုံး ဖြစ်လိုလျှင် သူ့အတိုင်လ မတ်မတ်ထောင်၍ မရ။ ကျွန်တော်သည် ဘာမှမရှိသော အိတ်လွယ်တစ်လုံး ဖြစ်ဖူးသည်။ ထပ်မံဖြစ်ချင်စိတ်ကား မရှိ။ နံရံသံချိတ်ထဲတွင် တွဲလောင်းကြီး ဖြစ်နေရသည်မှာ မသက်သာလှ။

၃၅။ အမှန်တရားခေါ်ရာကို ကျွန်တော် သွားမည်။

(ကျွန်တော့်ကို ဇက်ကြိုးမတပ်ဘူးဆိုလျှင်...)

၃၆။ လိုချင်လျှင် အရင်ပေးရမည်။ အိတ်ထဲတွင် ထည့်ထားမှ အိတ်က ထုတ်၍ရမည်။ တစ်ခုတော့ ရှိပါသည်။ ကျွန်တော့်လက်နှင့် ထည့်ထားသော အရာများဖြစ်၍ ကျွန်တော့်လက်နှင့်ပဲ ပြန်ထုတ်လို့ ရပါသည်။

၃၇။ ကျွန်တော့်မှာ နာမည် ရှိပါသည်။ ဖြစ်နိုင်မည်ဆိုလျှင် ထိုနာမည်ကို ကျွန်တော် ပြန်ရုပ်သိမ်းချင်ပါသည်။ ဘာအမည်မှ မလိုလျှင် ပိုကောင်းမည်။

၃၈။ အသီးအတွက် နေထိုင်သူသည် အပွင့်အတွက် မဟုတ်ချေ။





ပန်းသီးပင်ရှေ့မှာ ကျွန်တော် တွေဝေ စဉ်းစားနေပါသည်။

၃၉။ ကျွန်တော်သည် ကျောက်စိမ်းလို တချွင်ချွင် မြည်ချင်သူ မဟုတ်။ ကျောက်ခဲလို တဝိုးဝိုး လိမ့်ချင်သည်။ လမ်းဖယ်ပေးကြစေလိုသည်။

၄၀။ အရှေ့ကို သွားဖူး၏။ အနောက်ဘက် ရောက်သွားသည်။ ခဲလုံးကို မိုးပေါ်ပစ်တင်ဖူး၏။ မြေပေါ် ပြန်ကျလာသည်။ ကျွန်တော်တစ်ယောက်တည်း အတည့်လည်း နေဖူးသည်။ ပြောင်းပြန်လည်း ဖြစ်ဖူးသည်။

၄၁။ အကျယ်ပြန့်ဆုံးသော နေရာသည် ထောင့်ချိုးများမရှိ။ ကျွန်တော်၏ ကိုယ်ရေးကိုယ်တာထောင့်ချိုးများသည် ကျွန်တော် မကျယ်ပြန့်မှုကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

၄၂။ တစ်...

နှစ်...

သုံး...

သူရဲကောင်းတွေလည်း ခါးကုန်းသွားသည်။

၄၃။ မြက်ပင်ကလေးများ ကြီးထွားလွန်းလျှင် သစ်ပင်နီနီး ရှိမည်လော။ ဆရာမက ကျွန်တော့်ကို ဘာမှ ပြန်မပြောချေ။

၄၄။ ပြေးပါရစေ။ ရပ်ရမည့် နေရာကို သူ သိပါသည်။ ထို့ကြောင့် အန္တရာယ် နယ်မြေဆီလည်း သူပြေးနိုင်သည်။ ရပ်ချိန်တန်လျှင် ရပ်လိမ့်မည်။ ကျွန်တော်က သူ့မိတ်ဆွေ ဖြစ်သောကြောင့် သောက်ရေ တစ်ခွက်နှင့် စောင့်နေသည်။

၄၅။ ကျွန်တော် မက်ခဲ့ဖူးသော အိပ်မက်တို့ များလှပါပြီ။ လူငယ်တစ်ယောက်အတွက် လုံလောက်ပါပြီ။ တော်ပါပြီ။ ကျွန်တော်ပြော

သော်လည်း သူတို့မကြားကြ။ အိပ်မက်များစွာ လာမြဲလာသည်။

၄၆။ တစ်ခုပဲလုပ်ပါ။ မြင်းလုပ်မလား၊ ရထားလုပ်မလား။ ထိုသို့ပင် ကျွန်တော် မြင်းရထားကြီးကို သွားမေးဖူးသည်။

၄၇။ သိချင်၏။ ပို၍သိချင်၏။ သို့သော် သိအောင် ကြိုးစားလေလေ မသိလေလေ ဖြစ်သွားသည်။ နားစွင့်ထောင်ကြည့်၏။ ဟိုးအဝေးဆီမှ ကျွဲချိုမှုတ်သံသဲ့သဲ့ကိုသာ ကြားရလေသည်။

၄၈။ ကျွန်တော့်မှာ ရှိသမျှ အကုန်လုံး ပျောက်ဆုံးသွားဖူး၏။ သတင်းစာထဲမှာ ကြော်ငြာမထည့်ဖြစ်ပါ။ ကျွန်တော် ငြိမ်းချမ်းသွားပါသည်။ ဘာမှမရှိသဖြင့် ဘာမှ လုပ်စရာမလိုတော့။

၄၉။ ကျွန်တော်က ငြိမ်းချမ်းချင်သည်။ ထို့ကြောင့်ပင် မငြိမ်းချမ်းတော့။

၅၀။ ကျွန်တော် မုဆိုးမဟုတ်ပါ။ လေးနှင့်မြားကို မထုတ်လုပ်ပါ။ အချို့နေရာများတွင် ရှိကြသော "ပစ်မှတ်"များသည် ကျွန်တော့်အတွက် မဟုတ်ကြပါ။

၅၁။ ကျွန်တော်သည် ကျွန်တော်၏ အရှင်သခင်ဖြစ်ပါသည်။ စိတ်ပျက်လက်ပျက် ခံစားရ၏။ ထိုဒဿနအရဆိုလျှင် ကျွန်တော်သည် ကျွန်တော်၏ ကျေးကျွန်ဖြစ်နေသည်။

၅၂။ အလင်းရောင် သုံးခြင်းသည် အမြင်အာရုံကို ကြည်လင်စေသည်။ ကျွန်တော့်ကို အလင်း ပေးစေလိုပါသည်။ ရှင်းအောင် ထပ်ပြောပါမည်။ အလင်းပေးစေလိုပါသည်။ အပူမတိုက်ကြပါနှင့်။

၅၃။ ဗဟိုလမ်းမကြီးများက ဖြောင့်ဖြူး ညီညာ လှပါသည်။ အချို့က လမ်းသွယ်ကိုမှ ကြိုက်ကြ၏။ ကျွန်တော်တို့တွေ တစ်နေရာတည်းကို ဦးတည်သွားခြင်း ဖြစ်ပါသည်။ သို့သော် ကျွန်တော်နှင့် ကျွန်တော့်





မိတ်ဆွေများ တစ်လမ်းစီ သွားခဲ့ကြပါသည်။

၅၄။ ကျွန်တော်က တစ်ယောက်တည်း နေတတ်ပါသည်။ အထီးကျန်သည်ဟု မခံစားရပါ။ ဤမျှသည်ပင်လျှင် များလှပါပြီ။ စည်ကားလှပါပြီ။

၅၅။ လိုချင်သောအခါ ကောက်ယူရ၏။ မလိုချင်တော့သောအခါ ပြန်လွှင့်ပစ်ရ၏။ အစတည်းက မယူခဲ့လျှင် အကောင်းသား။ အခုတော့ "အား" နှစ်ခါ ကုန်ရသည်။

၅၆။ ကျွန်တော့်ကို ဘယ်သူ ချည်နှောင်ခဲ့သည် မသိ။ ဘယ်တုန်းက ချည်နှောင်ခဲ့သည် မသိ။ ကျွန်တော့်မှာ ဖြည်လိုက်ရတာ။ (ခုတိုင် မလွတ်မြောက်သေး)

၅၇။ သာမန်လူပဲ ဖြစ်ချင်သည်။

၅၈။ အစွန်းမရောက်အောင်တော့ ကိုယ့်ကိုယ်ကို ထိန်းနိုင်ပါပြီ။ သူများအစွန်းနှင့် လွတ်အောင်တော့ ကိုယ်မနေတတ်သေး။ ကောင်းကင်နှင့်မြေကြီးကြားညပ်နေသော ကောင်လေးကို ဆွဲထုတ်ပေးကြပါ။

၅၉။ ကျွန်တော့်ကိုယ် ကျွန်တော် ဖွင့်ချထားပါသည်။ ဘောင်တစ်ခုထဲမှာ ပိတ်မထားပါ။ အကန့်အသတ်မဲ့ သွားပါသည်။ ထို "အကန့်အသတ်မဲ့မှု"သည် ကျွန်တော် မျှော်လင့်သည့် အရာများအတွက်တော့ "တိကျမှု"ပဲ ဖြစ်ပါသည်။

၆၀။ ကိုယ့်ကိုယ်ကို ဒိုင်းနှင့် ကာထားပြီးမှ သူတစ်ပါးကို ဓားနှင့် ရွယ်ရဲသူ၊ ထိုလူနှင့် ကျွန်တော် လမ်းမတူ။

၆၁။ ကျွန်တော့်ကို ရိုကျိုးနှိမ့်ချစွာ ဆက်ဆံလာသူများ ရှိပါသည်။ ကျွန်တော်က ဘာကောင်မှ မဟုတ်၍ သူတို့ အရှုံးထွက်ကြလိမ့်မည်

ထင်သည်။ တစ်ခုတော့ ရှိသည်။ အချို့လူများသည် "လိုအင်"တစ်ခုအတွက် နှိမ့်ချခြင်း မဟုတ်။ သဘာဝအတိုင်း နှိမ့်ချခြင်းသာဖြစ်သည်။ သူတို့ကတော့ မြတ်လိမ့်မည်။

၆၂။ မည်သူ့ကိုမဆို မည်သည့်အရာကိုမဆို အပြစ်ရှာလျှင် တွေ့နိုင်ပါသည်။ "အဲဒီခေတ် ကုန်သွားပြီ"ဟု ကျွန်တော်နှင့် သူငယ်ချင်းတစ်ဦး ရယ်ပွဲဖွဲ့ခဲ့ဖူး၏။ ကျွန်တော်တို့ "အပြစ်"မရှာတော့ပါ။ "အဖြေ"ကိုသာ ရှာပါတော့သည်။

၆၃။ ပညာရှိများသည် သေးဖွဲသောအရာများမှာပင် အခက်အခဲတွေကို ရှာတွေ့တတ်သည်။ ကျွန်တော်က ပညာရှိမဟုတ်။ ထို့ကြောင့် အခက်အခဲတွေကို အသေးအဖွဲဟု သဘောထား၏။ "ခံရမှ သိမယ်"ဟု ချစ်သူက ပြောသည်။ သို့သော် မခံရသေး၍ မသိသေး။ ချစ်သူကို ရယ်ပြခဲ့သည်။

၆၄။ ကျွန်တော့်ထံမှ ထိုအရာများ လွတ်ကျမည်ကို ကျွန်တော် စိုးရိမ်၏။ ဆုပ်ကိုင်ထားရန် ငြင်းလိုက်ပြီ။ လွတ်ကျမှာကို ကြောက်စရာမလိုတော့။

၆၅။ "ပြီးတာတွေ ပြီးပါစေ"ဟု သမားတော်က ကျွန်တော့်စိတ်ကို ကု၏။ ဝေဒနာပျောက်သောအခါ ကျွန်တော် သူ့ကို ဆေးဖိုးဝါးခမပေး။ သူ ဒေါသထွက်သောအခါ "ပြီးတာစေ ပြီးပါစေ"ဟု ကျွန်တော် ပြန်ဖျောင်းဖျလိုက်၏။ ကြေပြီ။

၆၆။ ခက်သည်က ကမ္ဘာမြေကြီးကို ကျွန်တော့်ကြောင့် မလေးစေချင်ခြင်းဖြစ်သည်။ "လေထဲမှာ ပျံနေပေါ့"ဟု ညီမလေးက နောက်၏။ ခက်သည်က လေထုကြီးကိုလည်း ကျွန်တော့်ကြောင့် မလေးစေချင်။





ကိုယ့်ကိုယ်ထဲကိုသာ ပြန်ကြုံ့ဝင်မိသည်။

၆၇။ "ဘဝဆိုတာ၊ တိုက်ပွဲ"ဟု လက်သီးလက်မောင်းတန်းကာ ချို့ကဆို၏။ ကိုယ်စီကိုယ်စီ လက်နက်ရှာကြ၏။ ကျွန်တော်ကတော့ဘဝဆိုတာ ဘာမှမဟုတ်ဟု ပြောလိုက်၏။ ဘာကိုမှလည်း မရှာ။ တစ်ခါတစ်ခါ ကျွန်တော်သည် ရယ်ကျဲကျဲလုပ်လေ့ရှိ၏။

၆၈။ အချို့လူများ ကျွန်တော့်ကို ရှေ့မှာထား၏။ အချို့လူများ ကျွန်တော့်ကိုကျော်တက်သွား၏။ ချောက်ကမ်းပါးကို ရောက်မှ ကြောက်အားနှင့် လှည့်ပြန်၊ ကျွန်တော်နှင့်တစ်ဖန် လူချင်းလဲကြပြန်၏။

၆၉။ အောင်မြင်ကြပါစေ။ သို့သော် အောင်မြင်ခြင်းသည် ငြိမ်းချမ်းခြင်းမဟုတ်။ ခွင့်လွှတ်ခြင်းကသာ ငြိမ်းချမ်းခြင်း ဖြစ်သည်။ အဖော်မပါလည်း တစ်ယောက်တည်း ရပ်တည်မည်။ ခွင့်လွှတ်ခြင်းဖြင့်ငြိမ်းချမ်းမည်။

၇၀။ အင်္ကျီကို ကျောက်ပြားနှင့် ရိုက်လျှော်လိုက်၏။ ကိုယ့်ကိုယ်ကိုရောဘာနှင့် ရိုက်လျှော်မည်လဲ။

၇၁။ မသိချင်ပါ။ ဘာကိုမှ မသိချင်ပါ။ ဘာကိုမှ မသိဘူးဆိုတာကိုလည်းပြန်မသိချင်ပါ။

၇၂။ သူ့ကိုယ်သူတော့ ချစ်လိမ့်မည်။ ထိုမိန်းမကြီးကိုကြည့်ပြီး ကျွန်တော်စဉ်းစားနေသည်။ သူ့ကိုယ်သူ ချစ်တာနှင့်ပင် သူတစ်ပါးကို မုန်းရမည်လား။ တစ်စုံတစ်ရာကတော့ "မတရား"ဟု ထင်မိသည်။

၇၃။ ကောင်းကင်ကွန်ယက်က ကြီးသည်။ ကွန်ပေါက်တွေလည်း ကျယ်သည်။ သို့သော် မည်သည့်အရာမှ ထွက်ကျမသွား။ ထိုသို့ဖြင့် ဒလိမ့်ကောက်ကွေး ပါသွားရပြီ။

၇၄။ ကျွန်တော် မကြည့်ချင်သော ယောင်းမများကို ထိုသစ်သားတုံးကြီးမှ ထုတ်လုပ်၏။ သစ်သားတုံးများကို မခုတ်ပါ။ လက်သမား၏ လက်ကိုသာ ခုတ်ရမည်။ ကျွန်တော့်ဓားတွေကို ထွေရာလေးပါး ဝေ့ယမ်းနေမိသည်။

၇၅။ သူဌေးကြီးလက်ထဲမှ ပြားစေ့သည်လည်း သူတောင်းစား လက်ထဲမှ ပြားစေ့နှင့် တန်ဖိုးညီသည်။

၇၆။ ကျွန်တော်စိုက်သော နှင်းဆီပင်ကလေး သေသွားပြီ။ ခြောက်သွေ့သွားပြီ။ ကျွန်တော်က ရှင်သန်ရဦးမည် ဖြစ်၏။ လောကကြီးမှာ စိမ့်စိုရပ်တည်ရချေဦးမည်။

၇၇။ လောကသည် လေးကိုင်းပမာ ရှိ၏။ ရန်းပင့်ဆွဲယူခြင်းကို ခံရသောအခါ မြင့်သောအကိုင်းက ညွတ်ဆင်းသွားသည်။ နိမ့်သောအပိုင်းက ခုံးမောက်သွားသည်။

၇၈။ ဘဝမှာ လေပြည်ကိုချည်း မျှော်လင့်စရာမလိုပါ။ မုန်တိုင်းမှာလည်း အောက်ဆီဂျင် ပါလေသည်။

၇၉။ နိုးနိုးကြားကြားတော့ မအိပ်ချင်ပါ။ အိပ်မည့်အိပ် ပျော်အောင်ပဲ အိပ်ပါတော့မည်။

၈၀။ "......"ကိုပဲ ယူပါမည်။ သံချပ်ကာ အရေခွံကြီးကို ထားခဲ့ပြီ။

၈၁။ မှန်သောစကားသည် အသံထွက်ချိုသာခြင်း မရှိ။ သို့သော်လည်း မှန်သည့်အတိုင်း ဝန်ခံခဲ့ပါမည်။ သင့်အထင် မှန်ပါသည်။ ကျွန်တော်သည် စုန်းပြူးတစ်ကောင် ဖြစ်ပါသည်။ ❒





# ကမ္ဘာနှစ်ထပ်ဝတ္ထု

၇၄။ ကျွန်တော် မကြည့်ချင်သော ဓါးသွင်းမျှားကို ထိုသစ်သားတုံးကြီးမှ ထုတ်လုပ်၏။ သစ်သားတုံးများကို မရုတ်ပါ။ လက်သမား၏ လက်ကိုသာ ရုတ်ရမည်။ ကျွန်တော့်ခေါင်းတွေကို ဖွေရာလေးပါး ရော့ယမ်း နေမိသည်။

၇၅။ သူဌေးကြီးလက်ထဲမှ ပြားရှေ့သည်လည်း သူတောင်းစား လက်ထဲမှ ပြားရှေ့နှင့် တန်ဖိုးညီသည်။

၇၆။ ကျွန်တော်ရိုက်သော နှင်းဆီပင်ကလေး သေသွားပြီ။ ခြောက်သွေ့ သွားပြီ။ ကျွန်တော်က ရှုပ်သန်ရဦးမည် ဖြစ်၏။ လောကကြီးမှာ စိမ်းစိုရုပ်တည်ရရှေဦးမည်။

၇၇။ လောကသည် လေးကိုင်းမှာ ရှိ၏။ ရှန်းပင့်ဆွဲလှုပ်ခြင်းကို ခံရသော အခါ မြင့်သောအကိုင်းက ညွတ်ဆင်းသွားသည်။ နိမ့်သောအပိုင်းက နုံးမောက်သွားသည်။

၇၈။ ဘဝမှာ လေပြည်ကိုချည်း မျှော်လင့်စရာမလိုပါ။ မုန်တိုင်းမှာလည်း ဆောက်ဆီဂျင် ပါလေသည်။

၇၉။ နီးနီးကြားကြားတော့ မအိပ်ချင်ပါ။ ... ပျော်အောင်ပဲ အိပ်ပါတော့မည်။

၈၀။ "......" ကိုပဲ ယူပါမည်။ သံချပ်တာ အစရှိကြီးကို ထားခဲ့ပြီ။

၈၁။ မှန်သောစကားသည် အသံထွက်ချိုသာခြင်း မရှိ။ သို့သော်လည်း မှန်သည့်အတိုင်း ဝန်ခံရဲပါမည်။ သင့်အလင် မှန်ပါသည်။ ကျွန်တော်သည် မှန် ပြုံးတစ်ကောင် ဖြစ်ပါသည်။



| | | |
|---|---|---|
| ၁ | အလင်းကပြောတယ်<br>'ငါ့ မျက်စိကျိန်းတယ်' | အမှောင်ကပြောတယ်<br>'မင်းတို့က ငါ့ကိုသာ မမြင်ရတာပါ၊ ဘယ်သူ့ ကိုမှ မမြင်ရဘူး၊ ငါကိုယ်ငါပါ မမြင်ရဘူး" |
| ၂ | အပြင်းက ပြောတယ်။<br>'တကယ် ခံစားရရင် ဓားသွား တောင်ကွေးသွားနိုင်တယ်' | အပျော့က ပြန်ပြောတယ်။<br>'ရပါတယ်၊ ငါ မင်းကို ဓားအိမ် ကွေးကွေးကလေး လုပ်ပေးနိုင်ပါ တယ်' |
| ၃ | အပေါင်းက ပြောတယ်။<br>'မြဲမြဲတွဲထားကြစို့' | အနုတ်က ပြန်ပြောတယ်။<br>'ဆောရီးပဲကွာ၊ ငါ့လက်ဖဝါးမှာ အရေခွံတွေ ကွာနေတယ်' |

| | | |
|---|---|---|
| ၄ | အမြင့်က ပြောတယ်။ 'ငုံထား ရတာ ဇက်ညောင်းပါတယ်ဗျာ' | အနိမ့်ကပြန်ပြောတယ်။ 'မော့ရတာလည်း ဇက်ညောင်းတာပဲ၊ ခက်တာက လည်ပင်းမှာ ဝက်အူ ရစ်တွေ မပါကြဘူးဗျ' |
| ၅ | အချစ်က ပြောတယ်။ 'ချစ်တာအပြစ် မဟုတ်ပါဘူး' | အမုန်းက ပြန်ပြောတယ်။ 'ရှင်းနေတာပဲ၊ မချစ်တာလဲ အပြစ် မဟုတ်ပါဘူး' |
| ၆ | အကောင်းကပြောတယ်။ 'အေးစိမ့်စိမ့် ဖြစ်လာပြီ၊ ဆောင်းဝင်တော့မယ်' | အဆိုးက ပြန်ပြောတယ်။ 'မိုးစက်တွေကို မောင်းထုတ်လိုက်' |
| ၇ | အနီးကပြောတယ်။ 'ကပ်မလိုက်နဲ့... ကပ်မလိုက်နဲ့' | အဝေးက ပြန်ပြောတယ်။ 'ရတော့လည်း ရပါတယ်၊ ပျက်နေတဲ့ ရထားတွေအတွက် တောင်မှ ဘူတာရုံက စောင့်နေပေးပါတယ်' |
| ၈ | အဟောင်းပြောတယ်။ 'မလျှော့နဲ့၊ တောင့်ထား' | အသစ်က ပြန်ပြောတယ်။ 'မညောင်းဘူးလား လူကြီးမင်းရယ်၊ တောင့်မထားဘဲနဲ့လဲ ဖြောင့်မတ်အောင် နေပြလို့ ရပါတယ်' |





| | | |
|---|---|---|
| ၉ | အမှားကပြောတယ်။ 'ငါ့ကို တွေ့လိုက်တာနဲ့ 'သွားပြီ'လို့ အလန့်တကြား ထအော်ကြတယ်' | အမှန်က ပြန်ပြောတယ်။ 'အဲဒါ ထပ်မှားတာပေါ့၊ သူက သွားပြီလို့ အော်တဲ့အချိန်မှာ အမှန်တော့ သူက ရောက်ပြီးနေပြီ' |
| ၁၀ | အပြုက ပြောတယ်။ 'ဘာဖြစ်ဖြစ်... ဘာမှမဖြစ်ကြနဲ့ဟေ့' | အပျက်က ပြန်ပြောတယ်။ 'ဘာမှ မဖြစ်ရင်လဲ ဘာမှမဖြစ်ကြနဲ့ပေါ့ကွာ၊ ဟုတ်တယ် ဟုတ်' |
| ၁၁ | အကျယ်က ပြောတယ်။ 'တကယ်တော့ ပြောရ ခက်တယ်ကွ၊ ပြောဖို့ မလွယ်ဘူး၊ ပြောရမှာက အကျယ်ကြီး၊ တပြန့် တပြူးကြီး၊ ပြောရမယ့် ပါးစပ်ကလေးမှာက အင်း...' | အကျဉ်းက ပြန်ပြောတယ်။ 'ခုတော့ မင်းတို့ သဘောပေါက်ကြပြီ မဟုတ်လား၊ ဘာတွေမှ လျှောက်ပြောမနေကြနဲ့တော့၊ ခုအချိန်က စပြီး ငါတို့အားလုံး တိတ်တိတ်နေကြစို့' |
| ၀၀ | | |

# ထီး (Umbrella)

(၁) နေရောင်ကိုသော်လည်းကောင်း၊ မိုးစက်ကိုသော်လည်းကောင်း ကာကွယ်ရန် လူတို့က တီထွင်အသုံးပြုသော ကိရိယာ။

(၂) လက်ကိုင်တပ်ထားသော အရိုးတံတွင် ဖျင်ရွက်တစ်ခုကို တပ်ဆင်ကာ ထိုကရိယာကို ဖွင့်ပိတ်ကွယ်ဆောင်းခြင်းဖြင့် ရာသီဥတုဒဏ်ကို လူတို့ ကာကွယ်နိုင်သည်။

နွေရာသီတွင် အချို့က ထီးဆောင်းကြသည်။ အချို့ကား မဆောင်းကြ။ ထီးသည် နွေရာသီ မှူးမှူးကလေးတွင် သူ၏အသက်ကို တစ်ဝက်ရခဲ့၏။

**(ထီး)**

*

## ဘူတာရုံ (Railway Station)

ဘူတာရုံမှာ နာရီရှိ၏။ ထိုနာရီသည် အချိန်တန်လျှင် မြည်သည်။ ဆောင်းနှင်းရထားကြီး ဆိုက်လာ၏။

"တူ...တူ"

ဆောင်းဥတု၏ ဥသြဆွဲသံကို မိုးစက်တို့ နားမခံနိုင်ကြ။ အနောက်တောင်ထောင့်ဆီ သူတို့ ပြန်ဆုတ်သွားသည်။ မြောက်ပြန်လေ၏။ ရနံ့ဖြင့် လောကကြီး အေးသန့်သွားသည်။

'တစ်ဆောင်းပွင့်ပြီဟေ့'

လူတွေ... လူတွေ...။

မြို့တော်ကနေ မြို့တော်ဆီ အော်ခေါ်ကြ။ တေးတဝေဝေဖြင့် လိပ်ပြာလိုက်ဖမ်းကြ။ အလင်းမျက်နှာတွေကို မီးအိမ်ဝါတွေလို ဝင့်ဝင့်ပြရင်း





အပျင်းပြေ ငါးမျှားထွက်ကြ။

ထီးကို သူတို့ သတိမရတော့။

*

**ထီး/ အထီးတည်း/အထီးကျန် (Lonely)**

ဟိုတုန်းကလို…

ထီးကလေးကို မချီကြ မပိုးကြတော့ပါ။

ထီးကလေးကို မချီကြ မပိုးကြတော့ပါ။

ထီးကလေးကို မချီကြ မပိုးကြတော့ပါ။

ထီးသည် တံခါးရွက်နောက်တွင် ငေးမှိုင်တိတ်ဆိတ်၊ သူ့ကိုယ်သူ ထီးလို ပြန်ပိတ်ခဲ့ရတော့၏။

တာရာမင်းဝေ